


www.burmeseclassic.com
ပန်းကိုးပွင့်
စာအုပ်တိုက်
BURMESE CLASSIC
မှုင်စာဝိုးသံ
www.burmeseclassic.com

www.burmeseclassic.com

# မဒိုစာ

# မှင်စာငိုသံ

ထုတ်ဝေသူ – ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးဇေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)
(၁၂၉၉)၊ အောင်သုခ ၂၇–လမ်း၊
၆–ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။

ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀ ကျပ်

ဖြန့်ချိရေး – ရွှေမင်းသမီးစာပေ၊
ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁–၄၀၀၆၇၄

၈၉၅–၈၃
မဒိုစာ
မှင်စာငိုသံ/မဒိုစာ–ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၄
၁၃၆ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊
(၁) မှင်စာငိုသံ

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏပျံစံအိမ်
၉။ ခုတင်နံ့ပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ
၂၂။ ရွှေတောင်ရွာသူ မချမ်းသာ
၂၃။ ပဌွမြားဝိညာဉ်


www.burmeseclassic.com

www.burmeseclassic.com


၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်
၃၀။ မီးစုန်း
၃၁။ အဆောင် ၈
၃၂။ ကျမ်းစူး
၃၃။ ဟိုင်းဝေးတစ္ဆေ
၃၄။ သွေးစုပ်သူယောင်မယ်
၃၅။ အမေကိုစားတဲ့သမီး
၃၆။ အောက်လမ်း (ပထမပိုင်း)
၃၇။ အောက်လမ်း (ဇာတ်သိမ်း)
၃၈။ စုန်းတောက်တဲ့ . . . ည
၃၉။ ချစ်တီးတိုက်
၄၀။ သချိုင်းကုန်းက . . . ဟိုတယ်ကြီး
၄၁။ ကွန်ဒိုမှာခြောက်တဲ့သရဲ
၄၂။ ကျောက်ကြီးမောင်နှမ
၄၃။ ဘင်ပုပ်ငရဲကျခံရတဲ့မစော
၄၄။ ခတ်ဆေး


ယခု

**မှင်စာငိုသံ**

# အပိုင်း (၁)

www.burmeseclassic.com

**ဆိတ်ငြိမ်ရပ်ကွက်** တစ်ခုအတွင်းရှိ ခြံဝန်းကျယ်ကြီးတစ်ခုရဲ့စင်ဝင်အောက်ဝယ် အမျိုးသမီးတစ်ဦးဟာ ခရီးဆောင်အိတ်ကို ကားပေါ်တင်လိုက်ရင်း ...

"ကိုမောင်ရေ ... အပြင်ထွက်လာပါဦး၊
ဒီမှာ မိန်းမက ခရီးသွားတော့မယ့်ဟာကို၊



မနှုတ်ဆက်တော့ဘူးလား ... တကယ်ပါပဲ"
လို့လှမ်းပြောလိုက်တယ်။

သုံးထပ်တိုက်ကြီးတွင်းက စတိုင်ကျကျလူကြီးတစ်ဦးထွက်လာပြီး မိန်းမဖြစ်သူရဲ့ခါးကို ဖက်လိုက်တယ်။

ပြီးတော့ ရွှတ်ခနဲ နမ်းရှုပ်လိုက်ပြီး ...

"စံပယ်ရယ် ... လောကမှာ ကိုယ်အချစ်ဆုံးမိန်းမက
ဒီတစ်ယောက်တည်း ရှိတာပါကွာ၊
တစ်ဦးတည်းသောမိန်းမ ခရီးသွားတာ
ကိုယ်က နှုတ်မဆက်ဘဲနေပါ့မလား၊
လမ်းခရီးမှာ အဆင်ပြေဖို့
ကိုယ်ဆုတောင်းပေးတယ်နော်၊
အမြန်ဆုံးပြန်လာနော် မိန်းမ၊
ကိုယ် သတိရနေမယ်"

ယောကျ်ားဖြစ်သူရဲ့အပြောကြောင့် ဒေါ်စံပယ်အောင်အောင်က ကျေနပ်စွာပြုံးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ကိုမောင်ရယ် ...

အိမ်ထောင်သက်ပဲ ဆယ်မိုးကျော်နေပြီ၊

အဖြစ်သည်းပြမနေစမ်းပါနဲ့၊

စံပယ်က နှစ်ရက်ပဲကြာမှာပါ၊

ကိုမောင်သာ အပြင်မှာချည်း အချိန်ကုန်မနေနဲ့၊

ကဲ ... စံပယ်သွားတော့မယ်နော်"

ဒေါ်စံပယ်အောင်အောင်က ယောကျ်ားကိုနှုတ်ဆက်ပြီး ကားပေါ်တက်လိုက်တယ်။

ပြီးမှ ... ဦးမောင်မောင်ကျော်က လေကလေးချွန်ပြီး အိမ်ထဲဝင်ခဲ့တယ်။

အိမ်ထဲရောက်တော့ စားပွဲသုတ်နေတဲ့ အိမ်အကူ မိုးမိုး နား လျှောက်သွားပြီး တင်ပါးကို ပုတ်လိုက်တယ်။

"ပင်ပန်းနေပြီလား မိုးလေးရဲ့ ...

အအေးဖျော်ပေးရမလားဟင်"

ဦးမောင်မောင်ကျော်က သူမရဲ့ခါးကိုဖက်ရင်း ပြီတီ



အသံနဲ့ မေးလိုက်တယ်။

မိုးမိုးဆိုတာ ညိုချော,ချောတဲ့ အညာသူမလေး။

ဦးမောင်မောင်ကျော်တို့အိမ်ရောက်တာ ခြောက်လရှိပြီ။

ဦးမောင်မောင်ကျော်က မိန်းမလစ်ရင် လစ်သလို သူမနဲ့ နှစ်ပါးခွင်ဝင်နေကျ။

"ဦးမောင်နော် ... အတင့်ရဲမနေနဲ့၊

အပေါ်ထပ်က ဒေါ်ကြီး ဆင်းလာဦးမယ်"

"မလာပါဘူးကွာ၊ ခုချိန်ဆိုရင် သူက

တရားမှတ်နေလောက်ပြီ၊

ဒီည တွေ့ကြရအောင်နော် မိုး"

မိုးမိုးက ဦးမောင်မောင်ကျော်ကို မျက်စောင်းခဲလိုက်ပြီ

"ဟွန်း ... ဒါမျိုးဆို သိပ်တတ်တာပဲ၊

ဖက်ထားတာ လွှတ်ပါတော့ ...

အသက်ရှုကျပ်တယ်ရှင့်"

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပဲ ...

"မိုးမိုးရေ ... ခဏတက်လာပါဦးဟေ့၊

ဒေါ်ကြီးကို ဇက်ကြောလာဆွဲပေးစမ်းပါဦး"

ဒေါ်စံပယ်အောင်အောင်ရဲ့အဒေါ်ဖြစ်သူ ဒေါ်ဝင်းမြိုင်ရဲ့ အသံကြောင့် မိုးမိုးဟာ ဦးမောင်မောင်ကျော်ရဲ့ရင်ခွင်ထဲက ထွက်ပြီး အပေါ်ထပ်ကို ပြေးထွက်သွားတော့တယ်။

❐❐❐

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

လှခြေတိတ်တိတ်၊ ညအချိန်ရောက်တော့ ဦးမောင်မောင်ကျော်တစ်ယောက် ဒေါ်ဝင်းမြိုင်ရဲ့အိပ်ခန်းနား တိတ်တဆိတ်သွားပြီး အကဲခတ်လိုက်တယ်။

အဘွားကြီး ဟောက်သံထွက်အောင် အိပ်နေမှန်းသိတော့မှ အောက်ထပ်ကို ခြေသံမကြားအောင် ဆင်းခဲ့တယ်။



မိုးမိုးက သူမရဲ့အခန်းထဲ သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလူးပြီး စောင့်စားနေတယ်။

အခန်းတံခါးဟဟလေးပွင့်သွားပြီး ဦးမောင်မောင်ကျော်ဝင်လာတယ်။

"ဟား ... တစ်ခန်းလုံး သနပ်ခါးနံ့လေးတွေ

မွှေးနေတာပဲ၊

ကိုယ်လေ မိုးလေးကိုယ်က သနပ်ခါးနံ့လေးကို

ဘယ်ရေမွှေးအနံ့နဲ့မှ မလဲနိုင်အောင်

သိပ်ကြိုက်တာပဲကွာ ... လာပါဦး မိုးလေးရဲ့"

ဦးမောင်မောင်ကျော်က ထိုသို့ပြောရင်း သူမရဲ့ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်တယ်။

ပြီးတော့ အိပ်ရာထက် လှဲချလိုက်ပြီး အနမ်းမိုးတွေရွာချပစ်လိုက်တယ်။

မိုးမိုးက ဦးမောင်မောင်ကျော်ရဲ့လက်မောင်းပေါ် ခေါင်းအင်အိပ်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"မိုးတော့ ဦးမောင်နဲ့ နှစ်ယောက်တည်း နေချင်ပြီရှင့်၊

ဦးမောင်ပြောတော့ မိုးကို အိမ်တစ်ဆောင် မီးတပြောင်နဲ့

ထားမယ်ဆို၊ ဒီလိုနိုးချစ်ရတဲ့ဘဝကြီးနဲ့

မနေချင်တော့ဘူး သိလား"

သူမစကားကြောင့် ဦးမောင်မောင်ကျော်ရဲ့မျက်နှာ ပျက်သွားပြီး ...

"ဩော် မိုးလေးရယ် ... ဦးမောင်လည်း

မိုးလေးနဲ့ နေချင်တာပေါ့၊

အချိန်လေးစောင့်ပါဦးကွာ ... နော်အချစ်၊

မိုးလေးကို ပြည့်ပြည့်စုံစုံထားချင်လို့ပါကွာ"

အညာသူမလေး မိုးမိုးတစ်ယောက် ဦးမောင်မောင်ကျော်ရဲ့စကားချိုလေးတွေအောက် နစ်မြောပြီး ယုံကြည်သွားတယ်။

တကယ်တော့ ဦးမောင်မောင်ကျော်ဟာ လက်ကြောမတင်းတဲ့လူဖြစ်သလို ... မိန်းမဖြစ်သူ ဒေါ်စံပယ်အောင်အောင်ကို ဘယ်တော့မှ လွန်ဆန်ဝံ့တဲ့လူမဟုတ်ဘူး။



ဘာကြောင့်လဲဆိုတော့ ဒေါ်စံပယ်အောင်အောင်က သားဖွားနဲ့မီးယပ်အထူးကုဆရာဝန်မကြီး ဖြစ်သလို၊ မျိုးရိုးစဉ်ဆက်ကြွယ်ဝသူလည်း ဖြစ်တယ်။

အရပ်စကားနဲ့ပြောရရင် ဦးမောင်မောင်ကျော်က မိန်းမအသီနား ခိုစားနေသူတစ်ယောက်ပင်။

မိန်းမဖြစ်သူဆီက ငွေကို လက်ဖြန့်တောင်းပြီး အပြင်မှာ ကြမ်းခုတ်ရှုပ်သူဖြစ်သလို အိမ်မှာလည်း အိမ်အကူတွေကို မြှောက်တင်တတ်သူတစ်ယောက်ပင်။

သူ့အတွက် ကံကောင်းနေခြင်းက မိန်းမဖြစ်သူက သူ့အလုပ်နဲ့သူ ရှုပ်နေတဲ့အတွက် လုံးဝမရိပ်မိသေးခြင်းပင်။

မိုးမိုးက ဦးမောင်မောင်ကျော်ရဲ့ရင်ခွင်ထက် မိန်းမောဆင်း ...

"ဦးမောင်နော် ... မိုးက ဦးမောင်ကို သိပ်ချစ်မိသွားလို့ ဦးမောင်ပြောသမျှ ယုံကြည်ပေးနေတာ၊

ယုံကြည်လို့ အားလုံးပုံအပ်ထားတာနော်၊

www.burmeseclassic.com

www.burmeseclassic.com



မိုးကို ရင်ကွဲအောင်လုပ်ရင်တော့ ဦးမောင်ကို လုံးဝခွင့်မလွှတ်ဘူး ... သိလား”

လို့ အနုစားလေး ခြိမ်းခြောက်လိုက်တယ်။

ဦးမောင်မောင်ကျော်က တဟဲဟဲရယ်လိုက်ပြီး မိုးမိုးကို တင်းကျပ်စွာဖက်ထားလိုက်တယ်။

ဒီနောက်မှာတော့ သူတို့နှစ်ဦးဟာ တစ်လောကလုံးကို မေ့လျော့ပြီး အချစ်နယ်လွန်ကြတော့တယ်။

တစ်နာရီကျော်မျှကြာတဲ့အခါ ဦးမောင်မောင်ကျော်က ပူအိုက်လွန်းတဲ့အတွက် ချွေးစီးတွေကို သုတ်လိုက်ပြီး ရေတစ်ခွက် မော့သောက်လိုက်တယ်။

ပြီးတော့ ဘောင်းဘီအိတ်ကပ်ထဲက ဆေးကတ်လေး ထုတ်ပြီး မိုးမိုးကို တိုက်တယ်။

“အာ ... မသောက်ချင်သေးဘူး ဦးမောင်ရာ၊
ပြီးမှ သောက်မယ်နော် ... စားပွဲပေါ်တင်ထားလိုက်”

“မဟုတ်ဘူးလေ မိုးလေးရဲ့ ...
ဆေးက ချက်ချင်းသောက်တော့ ပိုကောင်းတာပေါ့၊
သောက်လိုက်ပါကွာ”

“အိပ်ချင်နေပြီ ဦးမောင်ရဲ့၊
ခဏနေသောက်ပါ့မယ် ... တင်ထားလိုက်ပါ”

ဒီအချိန်မှာပဲ အခန်းပြင်က မီးရောင်တွေ့လိုက်ရတယ်။

ဒုန်း ... ဒုန်း ... ဒုန်း ...

“ဟဲ့ မိုးမိုး ... နင့်အခန်းက စကားပြောသံ ကြားသလိုပဲ၊
နင် ဘယ်သူနဲ့ ပြောနေသလဲ ... ဖွင့်စမ်း”

ဒေါ်ဝင်းမြင့်ရဲ့အသံနဲ့တံခါးခေါက်သံကြောင့် နှစ်ယောက်လုံး လန့်ဖျပ်သွားတယ်။

မိုးမိုးက အိပ်ရာပေါ်က ပြေးဆင်းရင်း တံခါးကို ဖွင့်လိုက်တယ်။

ဦးမောင်မောင်ကျော်က တံခါးဘေး ပုန်းနေတယ်။

“ရှင် ... ဒေါ်ကြီး ကျွန်မ အိပ်နေတာလေ၊
ဘာများဖြစ်လို့လဲဟင်”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝင်းမြိုင်က အိပ်ခန်းထဲ မျက်လုံးဝေ့ကြည့်ပြီး ...

"ငါ သောက်ရေကုန်လို့ ဆင်းယူတာ၊

ညည်းအခန်းက စကားပြောသံကြားသလိုပဲအေ၊

ဘယ်သူနဲ့ ပြောနေတာလဲ"

"ဩော် ... ဒါဆို ကျွန်မ အိပ်ရင်း ယောင်နေတာဖြစ်မှာ၊

တစ်ခါတလေ ဒီလိုပဲ ယောင်တတ်တယ် ဒေါ်ကြီးရဲ့"

"အေး ... ဒါဆိုလည်း ပြီးရော"

ဒေါ်ဝင်းမြိုင် ထွက်သွားတော့မှ သူမတို့ သက်ပြင်းချနိုင်ကြတယ်။

ဦးမောင်မောင်ကျော်က သူမရဲ့ပါးကို နမ်းရှိုက်ပြီး အိပ်ခန်းထဲက ထွက်သွားတော့တယ်။

ဒီအခါမှ သူမလည်း အိပ်ရာပေါ်ပြန်လှဲအိပ်ပြီး ပင်ပန်းတဲ့အရှိန်နဲ့ အိပ်မောကျသွားတော့တယ်။

□ □ □

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

"မိုးမိုးရေ ... ဒီနေ့ နင့်အစ်မ ပြန်လာမှာ
ဟင်းတွေကို သေချာချက် ... ပြီးရင် နွားနို့လည်း
ကျိုထားလိုက်ဦး၊ ငါ ဟိုဘက်ခြံ ခဏသွားဦးမယ်
"ဟုတ်ကဲ့ပါ ဒေါ်ကြီး ... စိတ်ချပါ၊
အားလုံး သေချာလုပ်ထားပါ့မယ်"



ဒေါ်ဝင်းမြိုင်က ပြောဆိုပြီး ထွက်သွားတယ်။

မိုးမိုးတစ်ယောက် အိမ်ရှင်မဖြစ်သူ ဒေါ်စံပယ်အောင် အောင် ကြိုက်နှစ်သက်တဲ့ဟင်းတွေကို တစ်မျိုးပြီးတစ်မျိုး ချက်ပြုတ်လိုက်တယ်။

ထမင်းဟင်းချက်ပြီး နွားနို့ကျိုဖို့ ပြင်နေချိန်မှာပဲ ...

"မိုးလေးရေ ... ဒီမှာကြည့်စမ်း"

နောက်လှည့်ကြည့်လိုက်တော့ အထုပ်တွေအများကြီး ကိုင်ထားတဲ့ ဦးမောင်မောင်ကျော်ကို တွေ့လိုက်ရတယ်။

"ကိုယ် အခုပဲ အပြင်က ပြန်ရောက်တာ၊
မိုးလေးနဲ့လိုက်ဖက်မယ့် အဝတ်တွေရော၊
အသုံးအဆောင်ပစ္စည်းတွေပါ ဝယ်လာခဲ့တယ်"

မိုးမိုးက အထုပ်တွေကို လှမ်းကြည့်ပြီး ...

"များလှပါလား ဦးမောင်ရယ်၊
မိုးက အိမ်ထဲ အလုပ်လုပ်နေတဲ့သူပါ၊
ဒီလောက်အများကြီး မလိုပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာလည်း တန်ဖိုးကြီးပစ္စည်းတွေကြီးပဲ၊

မိုး မယူချင်ဘူး”

“ကျွတ် ... မိုးကလည်းကွာ၊ ကိုယ့်မေတ္တာကို

စော်ကားလိုက်သလိုပဲ၊

ကိုယ်က မိုးကို တန်ဖိုးထားချစ်တော့

ကိုယ်ပေးတဲ့လက်ဆောင်ကလည်း တန်ဖိုးကြီးမှာပေါ့၊

မရဘူးကွာ ... လာ ... အင်္ကျီတွေ ဝတ်ပြရမယ်”

ဦးမောင်မောင်ကျော်က သူမလက်ကို ဆွဲပြီးခေါ်သွား

တယ်။

“မလုပ်ပါနဲ့ ဦးမောင်ရဲ့ ... ဒေါ်ကြီး ပြန်လာလို့

တွေ့သွားရင် မကောင်းပါဘူးရှင်”

“အာ ... သူ ဟိုဘက်ခြံထဲဝင်သွားတာ တွေ့သားပဲ၊

တော်ရုံနဲ့ ပြန်မလာသေးဘူး ... ပူမနေနဲ့”

သူမရဲ့အိပ်ခန်းထဲရောက်တော့ ဦးမောင်မောင်ကျော်က

အဝတ်အထည်တွေကို ဝတ်ကြည့်စေတယ်။ သူမလည်း မငြင်း



ဆန်ဝံ့ဘဲ တစ်ထည်ပြီးတစ်ထည် ဝတ်ပြရတယ်။

ဦးမောင်မောင်ကျော်က သူမကို ပြုံးကြည့်ပြီး အဝတ်

အစားတွေနဲ့ သိပ်လိုက်ကြောင်း ချီးမွမ်းနေပြန်တယ်။

သူမ အင်္ကျီပြန်လဲပြီးတဲ့အခါ ဦးမောင်မောင်ကျော်က

ဆွဲဖက်လိုက်ပြီး နမ်းရှုပ်ဖို့ ကြိုးစားလိုက်တယ်။

ထိုအခါ သူမ သတိရသွားပြီး ...

“ဟယ်တော့ ... နွားနို့အိုးတင်ထားခဲ့တယ်၊

ခန်းကုန်ပြီထင်ပါရဲ့ ... ဒုက္ခပါပဲ”

လို့ ရေရွတ်ပြီး အထိတ်တလန့် ပြေးထွက်ခဲ့တယ်။

ဦးမောင်မောင်ကျော်လည်း နောက်က အမြန်လိုက်သွား

တယ်။

“ဟဲ့ ... ဒါက ဘယ်လိုဖြစ်ကြတာလဲ၊

မောင်ကျော် ... မင်း ဘာတွေလုပ်နေတာလဲ”

အကျယ်ကြီး ကြားလိုက်ရတဲ့ ဒေါ်ဝင်းမြင့်ရဲ့အသံ

ကြောင့် နှစ်ယောက်လုံး တုန်လှုပ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မီးဖိုပေါ်မှာလည်း နွားနို့အိုး ခန်းတော့မယ်၊

မင်းတို့ ငါ့တူမ မရှိချိန်မှာ ဘာတွေဖြစ်နေကြတာလဲ

ဟင်"

"ဟုတ် ... ဟုတ်ပါတယ် ဒေါ်ကြီး၊

နွားနို့အိုးကို သတိရလို့ပဲ ပြေးထွက်လာမိတာပါရှင့်၊

ကျန်တာ ဘာမှ မ ... မလုပ်ပါဘူး"

မိုးမိုးတစ်ယောက် ကြောက်စိတ်ကြောင့် ပါးစပ်ထဲရှိ

တွေ ပြောချလိုက်တယ်။

"ဒီလိုပါ ဒေါ်လေးရဲ့ ...

မိုးမိုးအခန်းမှာ မီးချောင်းကျွမ်းနေတယ်ဆိုလို့၊

ကျွန်တော်က လိုက်ကြည့်ပေးတာပါ၊

မိုးမိုးက နို့ကျိုထားတာကို သတိရပြီး

ပြေးထွက်လာတော့ ... ကျွန်တော်ပါ

စိတ်ပူပြီး ပြေးလာတာပါ ... ဒါပါပဲ၊

ဒေါ်လေးထင်သလို မဟုတ်ပါဘူးဗျာ၊



ကျွန်တော်လည်း ခုလေးပဲ အပြင်က ပြန်ရောက်တာပါ

ဦးမောင်မောင်ကျော်ရဲ့အလျှောက်ကောင်းမှုကြောင့် မ

ထန်နေတဲ့ ဒေါ်ဝင်းမြိုင်ရဲ့မျက်နှာကြောတွေ ပြေသွားပြီး သူ့တို့

ကို ပေစောင်းစောင်းကြည့်ကာ ထွက်သွားတယ်။

ဒီအခါမှ ၎င်းတို့နှစ်ယောက်လည်း သက်ပြင်းချနိုင်

တော့တယ်။

ဒေါ်ဝင်းမြိုင်တစ်ယောက် အပေါ်ထပ်လှေကားတက

ရင်း ...

"အင်း ... သူတို့ပြောတာ ဖြစ်နိုင်ခြေလည်း ရှိသလို

မဖြစ်နိုင်ခြေလည်း ရှိတယ်၊ ငါ့တူမ ပြန်လာရင်တော

သတိပေးထားရမယ်"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

မိန်းမဖြစ်သူရဲ့ ဖုန်းကြိုးဆက်မှုကြောင့် ဦးမောင်
ောင်ကျော်ဟာ ခြံဝထွက်ပြီး စောင့်ကြိုနေတယ်။

ဒါကို အပေါ်ထပ်ပြတင်းပေါက်က မြင်တဲ့ ဒေါ်ဝင်းမြိုင်
သူ့ကို မြင်ပြင်းကတ်ဟန်နဲ့ မဲ့ရွဲ့လိုက်တယ်။

'တီ ... တီ ... တီ ... တီ'

www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းသံနဲ့အတူ ခြံဝမှာ မိန်းမဖြစ်သူရဲ့ကား ထိုး ဆိုက်လိုက်တယ်။

ကားမှန်ချပြီး စံပယ်အောင်အောင်က ယောကျ်ားကို အပြုံးနဲ့ နှုတ်ဆက်လိုက်တယ်။

"မိန်းမ ... လွမ်းလိုက်ရတာကွာ၊
နှစ်ရက်လောက်ခွဲရတာ နှစ်နှစ်လောက်ထင်မိတယ်၊
ကြည့်စမ်းပါဦး ...
ငါ့မိန်းမမျက်နှာလေး ချောင်ကျသွားလိုက်တာ၊
အရမ်းပင်ပန်းခဲ့မှာပဲနော် မိန်းမ"

"ဟင်း ဟင်း ဟင်း ... ကိုမောင်ရယ်
ဒီအသံလေးတွေ ကြားလိုက်ရတာနဲ့
စံပယ်တော့ အမောကို ပြေသွားတာပဲ၊
ဒါ့ကြောင့် ယောကျ်ားကို ချစ်ရတာ၊
အိမ်ထဲလည်း ဝင်ပါရစေဦးရှင့် ...
ကားကို ပိတ်ပြီး ရပ်နေလိုက်တာ"



ဦးမောင်မောင်ကျော်က ကားရှေ့က ဖယ်ပေးလိုက်ပြီး ကားနောက် ခပ်သုတ်သုတ် ပြေးလိုက်ခဲ့တယ်။

အိမ်ရှင်မ ပြန်လာမှန်းသိတဲ့အတွက် မိုးမိုးက သံပရာ ရည်ခွက်ကို အသင့်ကိုင်ပြီး စောင့်နေလိုက်တယ်။

ဒေါ်စံပယ်အောင်တို့လင်မယား အိမ်ထဲဝင်လာတော့ ဦးမောင်မောင်ကျော်က ...

"ပေး ... ပေး ... သံပရာခွက်ကို ငါ့ကိုပေး၊
နင် ကားပေါ်ကအထုပ် သွားချလိုက်"
လို့ဆိုပြီး ပြောလိုက်တယ်။

ဒေါ်စံပယ်အောင်က သံပရာရည်ကို သောက်ရင်း ...

"ပင်ပန်းလိုက်တာ ကိုမောင်ရယ်၊
ကားကို တစ်ယောက်တည်း မောင်းရတော့
ပိုဆိုးတာပေါ့၊
ကိုမောင်တို့ရော အိမ်မှာ အဆင်ပြေကြရဲ့လား၊
ဒါနဲ့ ... ဒေါ်လေးရောဟင်"

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်စဉ်မှာပဲ ...

"ရှိပါတော် ... တူမလေး မရှိခိုက်မှာ

ဒေါ်လေးက အိမ်ကို သေချာကို စောင့်ရှောက်ထားတာ၊

အဆင်ပြေတာက ဟိုဘက်ကမ်းတောင်လွန်သေး"

ဒေါ်ဝင်းမြိုင်ရဲ့စကားကြောင့် ဦးမောင်မောင်ကျော်ဟာ မလုံမလဲဖြစ်သွားမိတယ်။

ခရီးဆောင်အိတ်သယ်ပြီး ဝင်လာတဲ့ မိုးမိုးကိုမြင်တော့

"မိုးမိုးရေ ... ထမင်းပြင်လိုက်တော့ပါလား၊

အစ်မ ဗိုက်ဆာနေပြီ"

လို့ ဒေါ်စံပယ်အောင်အောင်က လှမ်းပြောလိုက်တယ်။

"ဟုတ်ကဲ့ပါ မမ ... ကျွန်မ ခုပဲ ပြင်လိုက်ပါ့မယ်"

မိုးမိုးက ဆိုဖာပေါ်ထိုင်နေတဲ့ ဦးမောင်မောင်ကျော်တို့ကို မျက်လုံးဝေ့ကြည့်ရင်း ပြောလိုက်တယ်။

သူမဘဝမှာ ဝဋ်ကြွေးအထုံပါလို့ပဲ ထင်ပါ့။

မယားရှိယောကျ်ားကို ချစ်ခင်စုံမက်တာ။



မိန်းမတိုင်းက အတူတိုတဲ့အမျိုးလို့ လူတွေက ဆိုကြတယ်။

သူမလည်း မိန်းမသားတစ်ယောက်ပဲ ...

ကိုယ်ချစ်တဲ့သူကို ကိုယ့်နားမှာပဲ ရှိစေချင်တယ်။

ကိုယ့်ကိုပဲ ဂရုစိုက်စေချင်တယ်။

ဒါဟာ သဘာဝပဲလေ။

ဦးမောင်က သူ့မိန်းမကို ဂရုစိုက်တာမြင်လေတိုင်း သူမရင်ထဲ မချင့်မရဲဖြစ်မိတာ အမှန်။

"ဟဲ့ မိုးမိုး ... ထမင်းပြင်ရင်း ဘာတွေငိုင်နေတာလဲ၊

ဟိုမှာ နင့်အစ်မ ဗိုက်ဆာနေပြီလေ"

ဒေါ်ဝင်းမြိုင်ရဲ့အသံကြောင့် သူမရဲ့အတွေးတွေ ရပ်သွားတယ်။

"ဟုတ်ကဲ့ပါ ဒေါ်ကြီး ... ပြီးပါပြီ"

မိုးမိုးဟာ ချက်ပြုတ်ပြီးသားဟင်းပန်းကန်တွေကို မိုက်ခရိုဝေ့ဖ်နဲ့ နွေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြင်ဆင်ပြီးတော့ ဒေါ်စံပယ်အောင်အောင်တို့သုံး ယောက်သား ထမင်းလက်ဆုံ စားသောက်ကြတယ်။

ဒေါ်စံပယ်အောင်အောင်က ခင်ပွန်းသည်ရဲ့ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးသလို ဦးမောင်မောင်ကျော်ကလည်း ပြန် လည်ထည့်ပေးတယ်။

ထမင်းစားသောက်ရင်း ဒေါ်စံပယ်အောင်အောင်က ခရီး အတွေ့အကြုံတွေ ပြောပြတယ်။

ဦးမောင်မောင်ကျော်က မိန်းမဖြစ်သူရဲ့နှုတ်ခမ်းမှာပေ နေတဲ့ ထမင်းစေ့ကို လှမ်းဖယ်ပေးလိုက်တယ်။

မိုးမိုးက ထိုအဖြစ်ကိုကြည့်ပြီး ခေါင်းငုံ့ထားလိုက်မိ တယ်။

ဒါကို အကဲခတ်နေတဲ့ ဒေါ်ဝင်းမြိုင်က မျက်လုံးတွေကို သတိထားမိသွားတယ်။

□□□

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

**နောက်တစ်နေ့** ဒေါ်စံပယ်အောင်အောင်တစ်ယောက် ဆေးရုံက ပြန်လာချိန် ဒေါ်ဝင်းမြိုင်က သူ့အခန်းထဲ ခေါ်ပြီး တီးတိုးစကားဆိုတယ်။

“မဖြစ်နိုင်ပါဘူး ဒေါ်လေးရယ်၊

ကိုမောင်က ဒီလိုလူစားမျိုး မဟုတ်ပါဘူး၊



အဒေါ် အမြင်လွဲတာပဲဖြစ်မှာပါ၊

ကျွန်မတော့ ကိုမောင့်ကိုယုံတယ် ဒေါ်လေး”

ဒေါ်စံပယ်အောင်အောင်ရဲ့ငြင်းဆန်မှုကြောင့် ဒေါ်ဝင်းမြိုင်က ...

“ယောကျ်ားဆိုတာမျိုးက လွှတ်ထားလို့မရဘူးဟဲ့၊

တော်ကြာ ... ကျော်မကောင်း ကြားမကောင်းတွေ

ဖြစ်လာရင် ညည်းပဲ အရှက်ကွဲမှာ၊

ငါကတော့ သူတို့နှစ်ယောက်ကို လုံးဝမယုံဘူး၊

မျက်လုံးတွေကိုက မရိုးသားဘူးလေ”

လို့ ပြောလိုက်တဲ့အခါ ဒေါ်စံပယ်အောင်အောင်က ခေါင်းခါလိုက်ပြီး ...

“တော်ပါတော့ ဒေါ်လေးရယ် ...

အဒေါ့်စကားတွေက ကိုမောင့်ရဲ့သိက္ခာကို ထိပါးနေပြီ၊

အဒေါ်စိတ်ပူတဲ့လူမျိုး မဟုတ်ပါဘူး၊

နေရာတကာ သံသယအတွေးနဲ့ မကြည့်စမ်းပါနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း ဆေးရုံမှာ ပင်ပန်းလာတယ်၊

နားတော့မယ် အဒေါ်"

လို့ ပြောလိုက်တယ်။

"အေးပါ ... ငါကတော့ ဒင်းတို့ကို

မျက်လုံးဒေါက်ထောက် ကြည့်ရဦးမှာပဲ ...

လုံးဝမယုံဘူးအေ့"

ဒေါ်ဝင်းမြိုင်က ထိုသို့ပြောပြီး ထွက်သွားတယ်။

ထိုအချိန် မိုးမိုးတစ်ယောက် ဧည့်ခန်းထဲ ကြမ်းတိုက်နေတယ်။

ဦးမောင်မောင်ကျော်က ဆိုဖာပေါ် ခြေချိတ်ထိုင်ရင်း ဂျာနယ်ဖတ်နေတယ်။

ဒေါ်ဝင်းမြိုင်က ဧည့်ခန်းထဲရောက်လာပြီး ဦးမောင်မောင်ကျော်နဲ့မိုးမိုးတို့ ဧည့်ခန်းတစ်ခုတည်း အတူရှိနေတာမြင်သွားတယ်။

"မောင်ကျော် ... မင်းမိန်းမ ပင်ပန်းလာတယ်လေ၊



စာစောင်ထိုင်ဖတ်နေမယ့်အစား သူ့နား

နေပေးလိုက်ပါလားကွဲ့"

ဒေါ်ဝင်းမြိုင်ထံမှ မထင်မှတ်တဲ့စကားကြောင့် ဦးမောင်မောင်ကျော်ဟာ ကြောင်အမ်းသွားပြီး ...

"အမ် ... ဘာလဲ အဒေါ်၊

ကျွန်တော့်မိန်းမ ဆေးရုံက ပြန်လာတိုင်း

သူ့ဟာသူ နားနေကျပဲ၊

ကျွန်တော်လည်း ဒီမှာ စာစောင်ဖတ်နေတာလေ၊

အဒေါ်က အဆန်းလုပ်နေပြန်ပြီ"

ဒေါ်ဝင်းမြိုင်က မိုးမိုးကို မျက်လုံးစွေကြည့်ပြီး ...

"စာစောင်ဖတ်ချင်လည်း အိပ်ခန်းထဲယူသွား၊

မိုးမိုးကို ငါ သန့်ရှင်းရေးလုပ်ခိုင်းစရာ ရှိသေးတယ်၊

ဆိုဖာတွေ ပေါလစ်ရှိုက်တင်ရမယ်"

လို့ ပြောလိုက်တဲ့အခါ ဦးမောင်မောင်ကျော်က မိုးမိုးကို လှမ်းကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးရောဗျာ ... အခန်းထဲပဲသွားပြီး

စာစောင်ဖတ်တော့မယ်"

ဦးမောင်မောင်ကျော်က ဂျာနယ်ကိုင်ပြီး ထွက်သွားတယ်။

မိုးမိုးက ဒေါ်ဝင်းမြိုင် သူမကို အကဲခတ်နေတာကို ရိပ်စားမိသွားတယ်။

ဒေါ်ဝင်းမြိုင်က သူမ,ရှိရာ လျှောက်လာပြီး ...

"မိုးမိုး ... ညည်း ကြမ်းတိုက်ပြီးရင်

ဆိုဖာတွေ ပေါလစ်ရှိုတင်လိုက်၊

ဟဲ့ ... ညည်းဝတ်ထားတဲ့အင်္ကျီကလည်း

လည်ပင်းဟိုက်လှချေလား၊

အလုပ်လုပ်တဲ့လူက ဒီလောက် လည်ဟိုက်နေမှတော့

အင်္ကျီဆွဲတင်နေတာနဲ့ အလုပ်ပြီးမှာ မဟုတ်ဘူး၊

ဒီလိုဟာမျိုး ညည်း မဝတ်သင့်ဘူးအေ့"

လို့ ပြောလိုက်တယ်။



"ဟုတ်ကဲ့ပါ ဒေါ်ကြီး ...

ကျွန်မ ဒါမျိုး နောက်မဝတ်တော့ပါဘူး၊

အခုပဲ သွားလဲလိုက်ပါ့မယ်ရှင့်"

မိုးမိုးက ထိုသို့ပြောပြီး သူမအခန်းဘက် ထွက်သွားတယ်။

အခန်းနားရောက်တော့ တံခါးထဲကနေ သူမကို ဆတ်ခနဲ ဆွဲယူတာ ခံလိုက်ရတယ်။

"ဟင် ... ဦးမောင် ... ဒီမှာဘာလုပ်နေတာလဲ၊

ဒေါ်ကြီးမြင်ရင် ပြဿနာပဲရှင်၊

သွားပါနော် ... ဦးမောင်"

"မဟုတ်ဘူး မိုးလေးရဲ့၊

ဒီအဘွားကြီး ကိုယ်တို့ကို သံသယဝင်နေပြီ၊

မိုးလေးသိရအောင် ပြောချင်လို့ ကိုယ်စောင့်နေတာပါ၊

ကိုယ်တို့ သတိထားရတော့မယ်"

"ဒါတော့ ဟုတ်တယ် ဦးမောင်၊

www.burmeseclassic.com

www.burmeseclassic.com



မိုးလည်း သတိထားမိတယ်၊

ဒါကြောင့် ပြောတာပေါ့ ... ဦးမောင် အနေအထိုင်

ဆင်ခြင်ပါလို့"

"အေးပါကွာ ... ကိုယ် ဆင်ခြင်ပါ့မယ်၊

ဒါပဲနော် မိုးလေး ... ကိုယ်သွားတော့မယ်"

ဦးမောင်မောင်ကျော်က ထိုသို့ပြောပြီး ထွက်သွားတယ်။

သူမလည်း အကျီကို အမြန်လဲပြီး အလုပ်တွေ ပြန်လုပ်

လိုက်ရတယ်။

□□□

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

မနက်ခင်းတစ်ခု ...

မိုးမိုးတစ်ယောက် ခြံထဲပန်းပင်ရေလောင်းနေချိန် ...

ဒေါ်စံပယ်အောင်အောင်က ဆေးရုံသွားဖို့အတွက် ကား

ပေါ်တက်လိုက်တယ်။

ဦးမောင်မောင်ကျော်က ကားနားလျှောက်လာပြီး မိန်း



ဖစ်သူကို နှုတ်ဆက်လိုက်တယ်။

"မိန်းမရေ ... ကိုယ်တို့ အိမ်ထောင်သက်လည်း

ကြာနေပြီကွာ၊

သားသမီးလေး တစ်ယောက်များရှိရင်

သိပ်ကောင်းမှာပဲ၊

ခုလို မိန်းမ ဆေးရုံသွားတော့ ကိုယ်မပျင်းရတော့ဘူး

ဝပေါ့"

ဦးမောင်မောင်ထံမှ မထင်မှတ်တဲ့စကားကြောင့် သူမ

အံ့အားသင့်မှုနဲ့အတူ သက်ပြင်းချလိုက်တယ်။

"သြော် ကိုမောင်ရယ် ...

စံပယ်က ဆေးရုံတစ်ဖက်နဲ့လေ ... ပြီးတော့ ...

နောက်ဘွဲ့တစ်ခု ထပ်ယူရဖို့ကလည်း ရှိသေးတယ်၊

လောလောဆယ်တော့ ကလေးယူဖို့ မဖြစ်သေးဘူး

ကိုမောင်ရဲ့ ...၊

စောစောစီးစီး မဖြစ်နိုင်တာတွေ

www.burmeseclassic.com

www.burmeseclassic.com



တွေးမနေပါနဲ့ ကိုမောင်ရယ် ... နော်"

သူမက ယောကျ်ားဖြစ်သူရဲ့လက်ကို ဆုပ်ကိုင်ပြီး ပြောလိုက်တယ်။

"ကိုယ်လည်း စိတ်ထဲရှိတဲ့ခံစားချက်ကို

လွှတ်ခနဲ ပြောလိုက်မိတာပါကွာ၊

ကဲ ကဲ ... စံပယ်သွားတော့လေ၊ နောက်ကျနေဦးမယ်"

ဒေါ်စံပယ်အောင်အောင်က ကျေနပ်စွာပြုံးပြီး ကားမောင်းထွက်သွားတယ်။

ကားထွက်သွားတော့ ဦးမောင်မောင်ကျော်က ရေလောင်းနေတဲ့ မိုးမိုးရှိရာ လျှောက်သွားတယ်။

မိုးမိုးက သူ့ကို ကျောပေးပြီး ရေလောင်းနေတာကြောင့် သူလျှောက်လာတာကို မတွေ့ဘူး။

သူမ ပန်းပင်ရေလောင်းနေရာက ရေပိုက်ကို ဆွဲယူပြီး ပန်းချုံတွေဘက်သွားဖို့ ပြင်လိုက်တယ်။

ဒီအခါမှာပဲ ရေပိုက်နဲ့ခလုတ်တိုက်ရင်း ချော်လဲမလို



ဖြစ်သွားတယ်။

ဦးမောင်မောင်ကျော်က အပြေးသွားပြီး မိုးမိုးရဲ့ကိုယ်လေးကို ထိန်းပေးလိုက်တယ်။

ဦးမောင်မောင်ကျော်က ဝင်မထိန်းပေးရင် သူမ ချော်လဲပြီးခေါင်းကွဲမှာ အသေအချာပင်။

ဦးမောင်မောင်ကျော်က သူမရဲ့ခါးကို ထိန်းထားသလို သူမမျက်နှာက သူ့ရင်ခွင်ထဲမှာ ...

"ကျေးဇူးပဲ ဦးမောင်ရယ်၊

ဦးမောင်သာ ရောက်မလာရင်

မိုးတော့ ခေါင်းပေါက်မှာရှင့်၊

ကျောက်ပြားတွေက ရေတွေနဲ့ ချောနေတာလေ"

မိုးမိုးက ထိုသို့ပြောရင်း သူ့ရင်ခွင်ထဲက ခွာဖို့ ပြင်လိုက်တယ်။

"အမယ်လေးတော် ... စောစောစီးစီး

ရုပ်ရှင်ရိုက်နေကြပါလား၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်နေကြတာလဲ မောင်ကျော်၊
နင်ဟာ အိုင်တွေ့တိုင်း ခြေဆေးတတ်တဲ့
ယောကျာ်းစားပဲ”

ဘယ်အချိန်က ရောက်လာမှန်းမသိဘဲ ခါးထောက်ရင်း မျက်ထောင့်နီကြီးနဲ့ ဆိုက်ကြည့်နေတဲ့ ဒေါ်ဝင်းမြိုင်။

ဦးမောင်မောင်ကျော်က မိုးမိုးကို လွှတ်လိုက်ပြီး ...

“ဘာတွေပြောနေတာလဲ အဒေါ်၊
သူ ချော်လဲမလိုဖြစ်နေလို့ ကျွန်တော် ဝင်ထိန်းပေးတာ၊
အဒေါ်ပြောသလို မဟုတ်တာ ... လုပ်ချင်ရင်
အဒေါ်တောင် သိမှာမဟုတ်ဘူး၊
ရပ်ကွက်ထဲက အပြောမျိုးနဲ့ ကျွန်တော့်ကို မပြောပါနဲ့၊
မိုးမိုး လဲကျပြီး အလုပ်မလုပ်နိုင်ရင်
အဒေါ်ပဲ ဝင်လုပ်ပေးရမှာ မဟုတ်လား၊
စေတနာကို မစော်ကားနဲ့ဗျ”

လို့ အတည်ပေါက် ပြောချလိုက်တယ်။



မိုးမိုးလည်း ဘာမှဝင်မပြောဝံ့တဲ့အတွက် ခေါင်းငုံ့ပြီး သူတို့ရှေ့က ထွက်ခဲ့တယ်။

ဦးမောင်မောင်ကျော်ကလည်း ခပ်တည်တည်နဲ့ ဒေါ်ဝင်းမြိုင်ရှေ့က ထွက်သွားလိုက်တယ်။

ဒေါ်ဝင်းမြိုင်တစ်ယောက် ရင်ဘတ်ကို တဘုန်းဘုန်း ထုပြီး ...

“ဒီလောက် အထင်အရှားကြီး မြင်နေတာတောင်
ငါ့ကို မုန်လာဥ လုပ်သွားကြသေးတယ်၊
လုံးဝမကျေနပ်ဘူးဟေ့ ... နေနှင့်ကြဦးပေါ့၊
ဝင်းမြိုင် ဘယ်လိုစောင့်ဖမ်းမလဲ ... ကြည့်လိုက်ကြ”
လို့ ဒေါသတကြီး ကြုံးဝါးလိုက်တယ်။

ထိုနေ့ညက ဒေါ်စံပယ်အောင်အောင်ဟာ ဆေးခန်းထိုင်ရတဲ့ရက်ဖြစ်တာကြောင့် ညဆယ့်နှစ်နာရီလောက်မှ အိမ်ပြန်ရောက်တယ်။

သူမ ပြန်ရောက်ချိန်ထိ ထိုင်စောင့်နေတဲ့ ဒေါ်ဝင်းမြိုင်က

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်ချင်းပဲ ...

“ညည်းကို ပြောစရာရှိလို့ စောင့်နေတာ”

လို့ ပြောလိုက်တဲ့အခါ ဒေါ်စံပယ်အောင်အောင်က စလင်းဘတ်ကို ဆိုဖာပေါ်ပစ်တင်လိုက်ရင်း ...

“မိုးမိုးရော ဒေါ်လေး ... ကျွန်မ ဗိုက်သိပ်ဆာနေပြီ၊ ထမင်းစားပြီးမှ ပြောစရာရှိတာ ပြောတော့”

“ငါ မိုးမိုးကို အိပ်ခိုင်းလိုက်ပြီ၊ ညည်း ဗိုက်ဆာရင် ငါကိုယ်တိုင် ပြင်ပေးမယ်၊ ခဏစောင့်အေ့”

အဒေါ်ဖြစ်သူရဲ့ ထူးဆန်းတဲ့အပြုအမူကြောင့် သူမ အံ့ သြသွားတယ်။

ဗိုက်ဆာနေတဲ့အတွက် ဘာမှမမေးတော့ဘဲ ဆိုဖာပေါ် နားနေလိုက်တယ်။

ဟင်းတွေ နွှေးပြီးတော့ ဒေါ်ဝင်းမြိုင်က သူမကို လာ ခေါ်တယ်။



မေးခနဲတောင် သူမ အိပ်ပျော်သွားတဲ့အတွက် ဒေါ်ဝင်း မြိုင်က နှိုးလိုက်ရတယ်။

သူမ ထမင်းစားနေစဉ် ...

“ညည်း ဆေးရုံမှာရော ဆေးခန်းမှာပါ အရမ်းပင်ပန်းတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ အိမ်ကိုတော့ အချိန်ပေးသင့်နေပြီ စံပယ်”

အဒေါ်ဖြစ်သူရဲ့စကားကြောင့် သူမက ထမင်းစားရင်း

“ဒေါ်လေးရယ် ... ဒီအလုပ်ကို ကျွန်မ ဘယ်လောက်ထိ စိတ်ပါသလဲ၊ အာရုံစိုက်ခဲ့သလဲဆိုတာ ဒေါ်လေးအသိပါ၊ တစ်ချိန်က ဆေးကျောင်းနောက်ဆုံးနှစ်မှာ ကျွန်မအဖေရဲ့နောက်ဆုံးချိန်မှာတောင် စာမေးပွဲဖျက်ပြီး မြို့ကိုပြန်တဲ့သူ မဟုတ်ပါဘူး၊ ကိုယ့်အိမ်မှာ ဘယ်အချိန်နေနေ ရတယ်လေ၊ လူနာတွေထက် အိမ်ကို ပိုအချိန်မပေးချင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဆန်းဒေးတစ်ရက်လည်း ဆေးရုံနားတာပဲလေ၊

ဆေးခန်းထိုင်ရုံလေးပဲ ရှိတာပါ၊

အိမ်မှာ အဒေါ်ရော၊ ကိုမောင်ပါ ရှိနေသားပဲ၊

ကျွန်မ မလိုပါဘူး ဒေါ်လေးရဲ့"

လို့ ပြောလိုက်တဲ့အခါ ဒေါ်ဝင်းမြိုင်က ခေါင်းခါယမ်းလိုက်တယ်။

"မဟုတ်သေးဘူး စံပယ်ရဲ့၊

ငါပြောတာ ညည်း မယုံဘူး၊

မနက်က ညည်းထွက်သွားပြီး ပန်းခြံထဲမှာ

မောင်ကျော်နဲ့မိုးမိုးတို့ အနေအထိုင်မတတ်တာ

ငါ့မျက်လုံးနဲ့ သေချာတွေ့လိုက်ရတယ်အေ့"

ဒေါ်စံပယ်အောင်အောင်က ထမင်းစားနေရာက ဒေါ်ဝင်းမြိုင်ကို မျက်လုံးလှန်ကြည့်ပြီး ...

"ဘယ်လို အနေအထိုင်မတတ်တာတွေများ မြင်လို့လဲ ဒေါ်လေး"



လို့ မေးလိုက်တယ်။

ဒေါ်ဝင်းမြိုင်က သူမ မြင်တွေ့သမျှကို စီကာပတ်ကုံး ပြောပြလိုက်တယ်။

ဖြစ်ကြောင်းကုန်စင် နားထောင်ပြီးနောက် ဒေါ်စံပယ်အောင်အောင်က ...

"ဟုတ်သားပဲ ဒေါ်လေးရဲ့၊

ကိုမောင်ပြောတာ အမှန်ပဲလေ၊

ကျွန်မသာ ဘေးမှာရှိရင်လည်း ကိုမောင့်လိုပဲ

မိုးမိုးကို လှမ်းထိန်းပေးမိမှာပဲ၊

သူ လဲကျလို့ တစ်ခုခုဖြစ်သွားရင် ဒေါ်လေးပဲ

အလုပ်ပိုမှာလေ၊

ဒီအချိန် အိမ်အကူခေါ်ရတာ မလွယ်ဘူး ဒေါ်လေးရဲ့၊

မမြဲတဲ့အိမ်အကူတွေ များတယ်လေ၊

ဒေါ်လေးစိတ်ပူတာ မှန်ပါတယ်၊

ဒါပေမဲ့ ... မတွေးသင့်တာတွေ လျှောက်တွေးနေရင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးပဲ စိတ်ညစ်ရမှာပေါ့၊

ကျွန်မကတော့ ကိုမောင့်ကို ယုံတယ်၊

ကဲ ... စားလို့လည်း ပြီးပြီ၊

နားချင်နေပြီ ဒေါ်လေးရေ ... ကျွန်မ သွားပြီ"

ဒေါ်စံပယ်အောင်အောင်က ရေတစ်ခွက်သောက်ပြီး

ထမင်းစားခန်းက ထွက်သွားတယ်။

ဒေါ်ဝင်းမြိုင်တစ်ယောက် ပန်းကန်တွေကို ဆော

အောင့်သိမ်းလိုက်ရင်း ...

"ငါပြောရင် ဘယ်သူမှ လက်မခံကြဘူး၊

တစ်ချိန်ကျမှ ငါ့စေတနာကို ညည်းသိမယ် စံပယ်ရေ

လို့ မကျေမချမ်း ရေရွတ်လိုက်တယ်။

❐❐❐

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဖြစ်ပျက်မှုများဖြစ်ပြီး ရက်ပေါင်းများစွာကြာသောအခါ ...

ညခုနစ်နာရီခွဲခန့်အချိန်မှာ ဦးမောင်မောင်ကျော်တ ယောက် အပြင်က ပြန်ရောက်လာခဲ့တယ်။

ဒီနေ့က ဒေါ်စံပယ်အောင်အောင် ဆေးခန်းထိုင်ရ



မဟုတ်တာကြောင့် သူမဟာ ဧည့်ခန်းထဲထိုင်ပြီး တီဗီကြည့်နေတယ်။

ဦးမောင်မောင်ကျော်က အိမ်ထဲဝင်လာပြီး ပြုံးရွှင်တဲ့ မျက်နှာနဲ့ ...

"မိန်းမရေ ... ကိုယ် မင်းအတွက် မင်းသိပ်ကြိုက်တဲ့
ဟော့ပေါ့ ဝင်ဝယ်လာတယ်၊
မိန်းမ,ကြိုက်တဲ့ ငါးနဲ့ပုစွန်တွေပဲ မှာတာကွ"

လို့ မျက်နှာလုပ်ပြီး ပါဆယ်ထုပ်တွေကို စားပွဲပေါ်တင်လိုက်တယ်။

"ကိုမောင်ကလေ သိပ်အလိုက်သိတာပဲ၊
ဒါ့ကြောင့် ... စံပယ်က သိပ်ချစ်နေရတာ၊
ကိုမောင်ရော ဘာစားခဲ့ပြီးပြီလဲဟင်၊
ဒီနေ့ အပြင်သွားတာရော ဘယ်သူတွေနဲ့
သွားတွေ့တာလဲ"

ဒေါ်စံပယ်အောင်အောင်က ထိုသို့မေးရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"မိုးမိုးရေ ... ဒီမှာ ဟင်းတွေလာယူပါဦး၊
ပူခြစ်နေအောင် အဆင်သင့်နွေးထားလိုက်၊
ခဏနေမှ တို့စားမယ်"
လို့ လှမ်းပြောလိုက်တယ်။
ဦးမောင်မောင်ကျော်က မိန်းမရဲ့ဘေး ဝင်ထိုင်လိုက်ပြီး
"ဒီလို မိန်းမရဲ့ ... ကိုယ့်သူငယ်ချင်း ငပွင့်ကို
မှတ်မိတယ် မဟုတ်လား၊
လွန်ခဲ့တဲ့ ငါးနှစ်လောက်က သူ့မိန်းမရဲ့
ရွှေစလေးတွေရောင်းပြီး အော်ဇီကို
ထွက်သွားတဲ့ကောင်လေ၊
ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကတောင် သူပြန်လာသေးတယ်
လေကွာ၊
ပြန်လာပြီး သူ စကားပြောတိုင်း အော်ဇီအကြောင်း
ထည့်ပြောလွန်းလို့ သူ့ကို ကိုယ်တို့က
အော်ဇီပွင့်လို့ ခေါ်ကြတာကွ၊



အေး ... အခု အော်ဇီပွင့်ကြီး ပြန်ရောက်နေပြီ၊
ကိုယ့်ကို မနက်က ဖုန်းဆက်ခေါ်လို့ သွားတွေ့ရတာ
ကွ၊
ဒီကောင်ကြီးက ရွှေကောင်းမှာ လိုက်ကျွေးတယ်လေ၊
ဒါကြောင့် မိန်းမအတွက်ပါ ပါဆယ်ဆွဲလာတာ၊
မိန်းမကို ခွင့်တောင်းစရာ ရှိသေးတယ်ကွာ"
လို့ ပြောလိုက်တဲ့အခါ ဒေါ်စံပယ်အောင်အောင်က ...
"အင်း ... ပြောလေ ကိုမောင်ရဲ့ ... ဘာများလဲ"
"အော်ဇီပွင့်က ဒီတစ်ခေါက် ပြန်လာတော့
ကားအကြီးတစ်စီး ဝယ်လိုက်တယ်ကွ၊
အဲဒါ ကိုယ်တို့သူငယ်ချင်းတွေစုပြီး
ငွေဆောင်သွားကြမလို့၊
အော်ဇီပွင့်က မိန်းမကိုပါ လိုက်ခဲ့ဖို့ ခေါ်ခိုင်းလိုက်တယ်၊
မိန်းမပါ လိုက်ခဲ့ကွာ နော် ..."
"လိုက်တာတော့ ဟုတ်ပါတယ် ကိုမောင်ရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့သွားကြမှာလဲ"

"မနက်ဖြန်နေ့ခင်း ထွက်မှာကွ၊

ညပိုင်းလောက် ငွေဆောင်ရောက်မှာပေါ့၊

သုံးရက်လောက်ပါပဲ"

ဒေါ်စံပယ်အောင်အောင်က သူမရဲ့ Ipad ထဲက အချိန်ဇယားကို ဖွင့်ကြည့်ရင်း ...

"မနက်ဖြန်က ဆေးရုံမှာ မွေးလူနာတွေရှိတယ်၊

အထူးကုဆေးရုံမှာလည်း မွေးလူနာသုံးယောက်

ရှိနေသေးတယ်လေ၊

စံပယ်လိုက်လို့ မဖြစ်ပါဘူး ကိုမောင်ရဲ့၊

ကိုမောင်ပဲ သွားလိုက်ပါနော် ... ဟုတ်လား"

လို့ ပြောလိုက်တယ်။

ဦးမောင်မောင်ကျော်လည်း မိန်းမကို ခေါင်းညိတ်ပြပြီး Skynet ကလာတဲ့သတင်းကို ကြည့်နေလိုက်တယ်။

"မမ ... ဟော့ပေါ့နွေးပြီးပါပြီရှင်၊



စားလို့ရပါပြီ"

မိုးမိုးရဲ့အပြောကြောင့် ဒေါ်စံပယ်အောင်အောင်က ခေါင်းညိတ်ပြပြီး ..

"ကိုမောင်ရေ ... စံပယ် သွားစားလိုက်ဦးမယ်နော်"

လို့ ပြောလိုက်တဲ့အခါ ဦးမောင်မောင်ကျော်က ...

"ကိုယ်လည်း လိုက်စောင့်ပေးမယ်လေ၊

ဒီညတစ်ညလုံး မိန်းမနားမှာပဲ နေမယ်ကွာ၊

မနက်ဖြန်ဆို မိန်းမနဲ့ သုံးရက်လောက် ခွဲနေရမှာ၊

မဟုတ်ဘူးလား ... ဟဲ ဟဲ ဟဲ ..."

ဦးမောင်မောင်ကျော်က ပြောဆိုရင်း ထိုင်ရာက ထလိုက်တယ်။ ဒါကို ကြားနေ၊တွေ့နေတဲ့ ဒေါ်ဝင်းမြိုင်က မျက်စောင်းခဲပြီး ...

"အဖြစ်သည်းနေပုံများ မြင်ပြင်းကတ်ဖို့ကောင်းကောင်းရဲ့"

လို့ ရေရွတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက ဦးမောင်မောင်ကျော်တစ်ယောက် မိန်းမဖြစ်သူရဲ့ဘေး တောက်တဲ့လို ကပ်နေပြလိုက်တယ်။

တကယ်တော့ မနက်ဖြန်သွားမယ့် ငွေဆောင်ခရီးမှာ KTV က ကောင်မလေးတွေကလွဲပြီး အိမ်က မိန်းမတွေ မပါဘူး။

မိန်းမဖြစ်သူ ဘယ်တော့မှမအားမှန်း သိတဲ့အတွက် လျှ[illegible]ကြားကောင်းအောင် ခေါ်တာ။

သန်းခေါင်ကျော်ချိန်ရောက်တဲ့ထိ ခရီးအတွက် အ[illegible] လွန်ပြီး သူ အိပ်လို့မရဘူး။ ဘေးကိုကြည့်တော့ ဒေါ်စံဝ[illegible] အောင်အောင်က အိပ်မောကျနေပြီ။

ဦးမောင်မောင်ကျော်ဟာ မိန်းမဖြစ်သူကို လှမ်းကြ[illegible] ရင်း အတွေးပေါ်သွားတယ်။

ဒါ့ကြောင့် ... အိပ်ရာထက်က အသာဆင်းပြီး အိပ်[illegible] အပြင် ထွက်လိုက်တယ်။

❒ ❒ ❒

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

## “ကျွိ”

ခနဲ ပွင့်သွားတဲ့ တံခါးသံနဲ့အတူ ဦးမောင် မောင်ကျော်က အခန်းထဲ ဝင်လိုက်တယ်။

ပြီးတော့ အခန်းထဲက အိပ်ရာရှိရာ လျှောက်သွားပြီး ခုတင်ပေါ် တက်လိုက်တယ်။



ကျွိ ...ခနဲ ခုတင်က အသံမြည်သွားတဲ့အတွက် မိုးမိုး တစ်ယောက် အင်း ...ခနဲ အသံနဲ့ လန့်နိုးသွားတယ်။

ကြည့်လိုက်တော့ အိပ်ရာပေါ်ရောက်နေတဲ့ ဦးမောင်။

“အင်း ... ဦးမောင် ... ဒီအချိန်ကြီး ဘာလာလုပ်တာလဲ၊

တစ်ယောက်ယောက်တွေ့သွားရင် မတော်ပါဘူးရှင်၊

သွားပါနော် ဦးမောင်”

မိုးမိုးက ကြောက်စိတ်နဲ့ ငြင်းဆန်လိုက်တယ်။

ဒေါ်ဝင်းမြိုင်က သူမတို့ကို မျက်လုံးဒေါက်ထောက် ကြည့်နေသည် မဟုတ်ပါလား။

ဦးမောင်မောင်ကျော်က သူမကို ပွေ့ဖက်ရင်း ...

“ကိုယ်က မနက်ဖြန်ဆို ခရီးသွားရမှာကွ၊

ဒါ့ကြောင့် ဒီည မိုးလေးနား နေဖို့ လာခဲ့တာ၊

နှင်မထုတ်ပါနဲ့ မိုးလေးရယ် ... နော်”

လို့ တောင်းဆိုလိုက်တယ်။

“မဟုတ်ဘူး ဦးမောင်ရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မိုးလေ ဒီနေ့ ဘာဖြစ်နေလဲမသိဘူး၊

ခေါင်းတွေမူးပြီး နေလို့မကောင်းဘူးရှင်၊

ပြီးတော့ ... ညနေကလည်း စားထားသမျှတွေ

အကုန်ပြန်အန်ထွက်ကုန်တယ်”

မိုးမိုးရဲ့စကားကြောင့် ဦးမောင်မောင်ကျော် မျက်နှာ အကြီးအကျယ် ပျက်သွားရှာတယ်။

ကိုယ်တိုင်မကြုံဖူးပေမယ့် ကြားဖူးနားဝ,စကားတွေ ကြောင့် ခေါင်းနားပန်းကြီးသွားမိတာအမှန်။

အိမ်ထောင်သက်ဆယ်နှစ်ရှိပြီး အသက်ငါးဆယ်ကျော် နေတဲ့အရွယ်ဖြစ်ပေမယ့် ဒီလိုကိစ္စကို သူ စံပယ်အောင်အောင်ဆီ မှာ မျှော်လင့်မိတာအမှန်။ ခုတော့ ...

“ဘယ် ... ဘယ်လို ... မူးပြီးအန်တယ် ဟုတ်လား၊

အစားမှားမှားသလား မိုး ... မိုးရယ်”

“အစားမှားစရာမှမရှိဘဲ ဦးမောင်ရယ်၊

မိုးက မနေ့က အိမ်မှာ ဝက်သားချက်လို့တောင်



မိုး မကြိုက်လို့ ကန်စွန်းရွက်ပဲ ကြော်စားမိတာပါ၊

ခုတောင် အန်ချင်နေသေးတယ် ဦးမောင်”

မိုးမိုးရဲ့စကားက သူ့နားထင်သွေးကို ဒိန်းခနဲဆောင့် တက်သွားစေပြီ။

ဦးမောင်မောင်ကျော်တစ်ယောက် တစ်စုံတစ်ခုကို သတိ ရသွားပြီး မိုးမိုးရဲ့လက်အစုံကို ဆွဲကိုင်လှုပ်ရင်း မေးလိုက်တယ်။

“မိုးလေး ... မင်း ... မင်း ... ကိုယ်တိုက်တဲ့ဆေးတွေရော

ပုံမှန်သောက်ဖြစ်ရဲ့လားဟင်”

မိုးမိုးက တွေးတွေးဆဆဟန်နဲ့ ...

“ဘာလဲ ... ဦးမောင်တိုက်တဲ့ အားဆေးတွေလား၊

အင်း ... ဦးမောင်တိုက်တိုင်းတော့ သောက်ခဲ့ပါတယ်၊

ဒါပေမဲ့ ... နောက်ဆုံးတစ်ခါက ...

ဒေါ်ကြီး တံခါးလာခေါက်တဲ့ညလေ၊

အဲဒီညကတော့ မိုး ဆေးမသောက်ဖြစ်လိုက်ဘူး၊

ဘာဖြစ်လို့လဲ ဦးမောင်”

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်တယ်။

သူမ,အပြောကြောင့် ဦးမောင်မောင်ကျော်တစ်ယောက် ခေါင်းဆင်နင်းခံရတာထက် ပိုဆိုးသွားတယ်။

ကလေးမရနိုင်တဲ့ တားဆေးတွေကို အားဆေးအဖြစ် လိမ်တိုက်ခဲ့တဲ့ ဦးမောင်မောင်ကျော် ... အခုတော့ မရှုနိုင် မကယ်နိုင်ကိန်း ဆိုက်ချေပြီ။

"ဘာ ... မင်း ... မင်း ... အဲဒီညက ဆေးမသောက်ခဲ့ ဘူးလား၊ မင်းကွာ ... တကယ်ပါပဲ"

ဦးမောင်မောင်ကျော်ရဲ့သွေးရူးသွေးတန်းအော်သံကြောင့် မိုးမိုးလန့်သွားတယ်။

"ဘာ ... ဘာဖြစ်လို့လဲ ဦးမောင်ရယ်၊
အားဆေးလေး မသောက်မိတာကို
ဒီလောက်တောင် အော်ရသလား၊
မိုးအပြစ်က ဒီလောက်ကြီးသွားလို့လားဟင်"
မျက်ရည်လေးဝဲပြီး သိမ်ငယ်သံလေးနဲ့ ပြောလာ



မိုးမိုးကြောင့် သူ့ဒေါသတွေကို အတတ်နိုင်ဆုံး ထိန်းလိုက်မိတယ်။

ဒါကြောင့် မချင့်မရဲစိတ်နဲ့ သူမကို တင်းကျပ်စွာ ဖက်ထားလိုက်ရင်း ...

"ကိုယ် ... ကိုယ့်ကို စိတ်မဆိုးပါနဲ့ မိုးလေးရယ်၊
ကိုယ်က မိုးလေး ကျန်းမာရေးကို စိတ်ပူလို့၊
ခုလိုပြောမိတာပါကွာ ... စိတ်ဆိုးလို့ မဟုတ်ပါဘူး၊
ကိုယ့်ရဲ့စေတနာကို နားလည်ပေးပါနော် မိုးလေးရယ်"
လို့ စိတ်လျှော့ပြောလိုက်တယ်။
မိုးမိုးက မျက်ရည်စတွေကို သုတ်လိုက်ပြီး ...
"မိုးသိပါတယ် ဦးမောင်ရဲ့၊
ဦးမောင်ဆူတော့ မိုးက ဝမ်းနည်းပြီး ငိုမိတာပါ၊
ကဲပါ ... မနက်ဖြန်သွားမယ့်ခရီးကိုပဲ
ဦးမောင် စိတ်ဖြောင့်ဖြောင့် သွားပါနော်၊
မိုးအတွက် ဘာမှစိတ်မပူနဲ့ ... သိလား၊

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အိပ်ခန်းကို ပြန်ပါတော့နော် ဦးမောင်၊

ဒေါ်ကြီးက မိုးတို့ကို ယုံကြည်တာမဟုတ်ဘူးလေ”

လို့ ပြောလိုက်တဲ့အခါ ဦးမောင်မောင်ကျော်တစ်ယော လေးလံနောက်ကျိ ထိုင်းမှိုင်းတဲ့စိတ်တွေနဲ့ပဲ ပြန်လှည့်ထွက် ရတယ်။

❒❒❒

# အပိုင်း (၉)

www.burmeseclassic.com

**နောက်တစ်နေ့** ... နေ့လယ်ရောက်တော့ ဦးမောင်မောင်ကျော်တစ်ယောက် သူငယ်ချင်းဖြစ်သူ အော်ဇီပွင့် လာခေါ်တဲ့ကားနဲ့ ခရီးထွက်သွားတယ်။

အိမ်မှာ ဦးမောင်မောင်ကျော် မရှိဘူးဆိုတဲ့အသိစိတ်ကြောင့် မိုးမိုးရင်ထဲ လစ်ဟာမှုနဲ့အတူ မပျော်တော့တာ အမှန်



ခြံတံခါးပြန်ပိတ်ပြီး အိမ်ထဲဝင်လိုက်တော့ သူမခေါင်းထဲ မိုက်ခနဲ ခံစားမှုနဲ့အတူ ပျို့အန်ချင်စိတ်က လှိုက်တက်လာတယ်။

ဒါ့ကြောင့် အိမ်တံခါးဝ ခေါင်းမှီပြီး နားနေလိုက်တယ်။

စိတ်က ဘယ်လိုမှမထိန်းနိုင်ဘဲ ဝေါခနဲ အန်ချလိုက်တယ်။

ဒါပေမဲ့ ဘာအစာမှထွက်မလာဘဲ လေတွေချည်း အန်ချလိုက်တယ်။

သူမရဲ့ထိုအဖြစ်ကို ရပ်ကြည့်နေတဲ့ ဒေါ်ဝင်းမြိုင်က မျက်မှောင်ကြုတ်ပြီး ...

"ဟဲ့ မိုးမိုး ... ညည်း ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလားအေ့"

လို့မေးရင်း အနားရောက်လာတယ်။

မိုးမိုးက ရင်ဘတ်ဖိရင်း ...

"ဘာဖြစ်မှန်းမသိပါဘူး ဒေါ်ကြီးရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမူးပြီး ပျို့အန်ချင်တာပဲ သိပါတယ်၊

ကျွန်မလည်း တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူးရှင်၊

အား … မူးတယ်၊ မူးတယ်၊

မ … မရတော့ဘူး”

လို့ ညည်းညူပြီး ယိုင်လဲကျသွားရှာတယ်။

“မိုးမိုး ဘာဖြစ်လို့လဲ ဒေါ်လေး”

ထမင်းစားပြန်လာတဲ့ ဒေါ်စံပယ်အောင်အောင်က မြင်

တွေ့ပြီး မေးလာတယ်။

“ငါလည်း မသိဘူး စံပယ်ရဲ့

မူးတယ်၊ အန်ချင်တယ်ဆိုပြီး လဲကျသွားတာပဲ”

“ကဲ … ဒါဆိုလည်း သူ့ကို ဒေါ်လေးပဲ တွဲခေါ်ခဲ့တော့

ကျွန်မ ကြည့်ပေးမယ်”

ဒေါ်စံပယ်အောင်အောင်စကားကြောင့် ဒေါ်ဝင်းမြိုင်က

မိုးမိုးကိုတွဲခေါ်ပြီး အိပ်ခန်းထဲပို့ခဲ့တယ်။

အခန်းထဲရောက်တော့ မိုးမိုးကို စမ်းသပ်ကြည့်ရှုပြီး ဒေါ်



စံပယ်အောင်အောင်တစ်ယောက် မျက်နှာပျက်သွားသလို သက်

ပြင်းပါ ချလိုက်မိတယ်။

“သူ … သူ … ဘာဖြစ်တာလဲ စံပယ်”

ဒေါ်ဝင်းမြိုင်က စိတ်လှုပ်ရှားဟန်နဲ့ မေးမြန်းလိုက်

တယ်။

“မိန်းမတို့ရဲ့ဓမ္မတာပေါ့ ဒေါ်လေးရဲ့၊

သူ့မှာ ကိုယ်ဝန်လွယ်ထားရနေပြီ၊

ဒါနဲ့ သူ့ကောင်လေးက ဘယ်သူလဲဆိုတာ

ဒေါ်လေး သိလား”

စံပယ်အောင်အောင်ရဲ့အပြောကြောင့် ဒေါ်ဝင်းမြိုင်တစ်

ယောက် ရင်ဘတ်ဖိပြီး ထိတ်လန့်သွားတယ်။

“ဘုရား … ဘုရား … ငါ စိတ်ပူတာ တကယ်များ

ဖြစ်နေပြီလား၊

သူ ဘယ်သူနဲ့ ဘာဖြစ်လဲဆိုတာ ဒေါ်လေး မသိဘူး၊

သံသယဝင်တာတော့ ဒေါ်လေး ညည်းကို

www.burmeseclassic.com



သတိပေးခဲ့တာပဲ ... သူ့ ... သူ့ကိုယ်ဝန်က

ဟို ... ဟို ... မောင်ကျော်နဲ့ ပတ်သက်နေတာများလား"

ဒေါ်ဝင်းမြိုင်ရဲ့အပြောကြောင့် စံပယ်အောင်အောင် မျက်နှာအကြီးအကျယ်ပျက်သွားတယ်။

ပြီးတော့ တင်းမာတဲ့မျက်နှာနဲ့ ...

"ဒီမယ် ဒေါ်လေး ... ကျွန်မ ဒီလောက်ပြောထားတာပဲ၊

ဘာလို့ ခုချိန်ထိ ဒေါ်လေးက ကိုမောင့်ကို

သံသယဖြစ်နေတာလဲ၊

ဒေါ်လေး ဘယ်လိုပြောပြော ကျွန်မ မယုံကြည်ဘူး၊

လက်တွေ့မှပဲ ယုံမယ် ဒေါ်လေး"

ထိုအချိန်မှာပဲ ခြံရှေ့က လူခေါ်ဘဲလ်သံ ကြားရတယ်။

စံပယ်အောင်အောင်တစ်ယောက် အဒေါ်ဖြစ်သူရဲ့စကားတွေ ပြန်တွေးရင်း ...

"ငါကသာ ကိုမောင့်သိက္ခာထောက်ပြီး ဖွတ်ငြင်းနေတာ၊

ဒေါ်လေးက တစ်ခါမှ ငါ့ကို ဒီလိုစကားမျိုး



မပြောဖူးဘူး၊

ငါ အတွေးတစ်ခုတော့ တွေးသင့်ပြီ၊

ဒေါ်လေးနဲ့မိုးမိုးကြားမှာ တစ်ခုခုတော့ ရှိနေပြီ"

လို့ အတွေးပေါက်သွားတယ်။

ထိုအချိန် ဒေါ်ဝင်းမြိုင်က အပြေးတစ်ပိုင်း ခြံဝပြေး ကြည့်လိုက်တယ်။

"ဟဲ့ ... ညည်း ... ညည်း လှမေ မဟုတ်လား၊

ဘယ်လိုဖြစ်ပြီး ခုမှ ပြန်ရောက်လာတာလဲ"

လှမေက ခရီးဆောင်အိတ်အဟောင်းလေးကို အသာချ ပြီး ...

"ဟုတ်ပါတယ် ဒေါ်ကြီးရယ်၊

ကျွန်မ ဒေါ်ကြီးတို့အိမ်က ပြန်သွားပြီး

မမာကျန်းနေတဲ့ အမေ့ကို ပြုစုခဲ့ရပါတယ်၊

ပြီးခဲ့တဲ့လက အမေဆုံးသွားတဲ့အတွက်

ဒီမှာ အလုပ်ပြန်လုပ်ချင်လို့ လာမိတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို အလုပ်လုပ်ခွင့်ပေးပါနော် ဒေါ်ကြီး”

လို့ လက်အုပ်ချီပြောလိုက်တယ်။

“အေး ... ဒီကိစ္စဆိုရင်တော့ စံပယ်နဲ့မှပြီးမှာ၊

လာ ... အိမ်ထဲဝင်ခဲ့”

ဒေါ်ဝင်းမြိုင်က ခြံတံခါးဖွင့်ပေးပြီး အိမ်ထဲခေါ်လိုက်

တယ်။

❒❒❒

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်လှမေ အလုပ်ပြန်ဝင်ချင်ရင် ဝင်လို့ရပါ
တယ်၊ မိုးမိုးဆိုတဲ့ကောင်မလေးနဲ့ တွဲလုပ်ပေါ့၊
ဒါပေမဲ့ ... ကျွန်မ ဒေါ်လှမေကို နှစ်ယောက်တည်း
စကားပြောစရာရှိတယ်၊ အိပ်ခန်းထဲ လိုက်ခဲ့ပါ"
ဒေါ်စံပယ်အောင်အောင်က ထိုသို့ပြောဆိုပြီး အိမ်ပေါ်



...သွားတယ်။ ဒေါ်ဝင်းမြိုင်က မိုးမိုးရဲ့ အခန်းဝရပ်ကြည့်ပြီး
...နှာကို ရှုံ့မဲ့လိုက်တယ်။

မိုးမိုးတစ်ယောက် ဒေါ်စံပယ်အောင်အောင် ထိုးပေးထား
အိပ်ဆေးအရှိန်ကြောင့် အိပ်မောကျနေရှာတယ်။

ထိုအချိန် စံပယ်အောင်အောင်ရဲ့အခန်းထဲဝယ် ...

"ဒေါ်လှမေကို ကျွန်မ တာဝန်တစ်ခုပေးချင်တယ်၊
ဒေါ်လှမေက အရင်ကတည်းက ကျွန်မ
ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ပါ၊
ဒါ့ကြောင့် မိုးမိုးကို စောင့်ကြည့်ပေးစေချင်တယ်"

စံပယ်အောင်အောင်ရဲ့အပြောကြောင့် ဒေါ်လှမေက ...

"မိုးမိုးဆိုတာ အခု အိမ်မှာနေတဲ့ ကောင်မလေးကို
ပြောတာလား၊ ဘာများဖြစ်လို့လဲ ဆရာကတော်၊
ဒီကောင်မလေးက အိမ်အတွက် စိတ်မချရလို့လား"
လို့ မေးလိုက်မိတယ်။

"ဒီလိုမဟုတ်ပါဘူး ဒေါ်လှမေ၊

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ အခု ကိုယ်ဝန်ရှိနေပြီ၊

ကျွန်မ သိချင်တာက ဒီကိုယ်ဝန်ဟာ ဘယ်သူနဲ့ ရသလဲဆိုတာပါပဲ ... အမြန်ဆုံး စုံစမ်းပေးပါ”

ဒေါ်လှမေတစ်ယောက် ရင်ဘတ်ဖိမိရင်း ...

“ဘုရား ... ဘုရား ... ခေတ်ကာလသားသမီးတွေ မလွယ်ပါလားကွယ်၊ သိပ်ကြီးလေးတဲ့ကိစ္စကို ထမင်းစားရေသောက်သလို ကျူးလွန်ဝံ့ရတယ်

စိတ်ချပါ ဆရာကတော် ... ကျွန်မ ရအောင် စုံစမ်းပေးပါ့မယ်”

လို့ ကတိပေးလိုက်တယ်။

ဒေါ်လှမေက ထိုသို့ပြောပြီး အောက်ထပ်ဆင်းခဲ့

ထမင်းစားခန်းထဲရောက်တော့ ဟင်းချက် ဒေါ်ဝင်းမြိုင်က ...

“လှမေရေ ... ညည်း အဝတ်စားလဲပြီးရင် ဒီဟင်းတွေ ဆက်လုပ်ပေးစမ်းပါ၊



ငါ ဟိုဘက်ခြံမှာ တရားခွေ သွားယူရဦးမယ်ဟေ့”

လို့ လှမ်းပြောလိုက်တယ်။

“ဟုတ်ကဲ့ပါ ဒေါ်ကြီး ... ကျွန်မ လုပ်ထားပါ့မယ်”

ဒေါ်လှမေက ထမင်းစားခန်းနဲ့ ကပ်နေတဲ့ အိမ်ဖော် အခန်းထဲ ဝင်ခဲ့တယ်။

အဝတ်အိတ်ကို ဗီရိုထဲထည့်ပြီး အိပ်ရာပေါ် တင်ပါးလွှဲ ထိုင်လိုက်တယ်။

အိပ်ပျော်နေတဲ့ မိုးမိုးကိုကြည့်ပြီး ...

“ကြည့်စမ်းပါဦး ... ရုပ်ကလေး လှသလောက် လက်ရဲဇက်ရဲနိုင်တဲ့ မိန်းကလေးပဲ၊

သူ့ပြဿနာကို သူ ဘယ်လိုရှင်းမလဲမသိဘူး၊

သေချာတာတော့ အလုပ်ထုတ်ခံရနိုင်တယ်၊

ဟင်း ... ဒီမိန်းကလေးအစား ရင်မောလိုက်တာနော်”

လို့ စိတ်တွင်းက ရေရွတ်လိုက်မိတယ်။ ဒီအချိန်မှာပဲ မိုးမိုးတစ်ယောက် မျက်လုံးတွေ ပွင့်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အား ... ကျွတ်ကျွတ် ... မူးလိုက်တာ၊

အင် ... အဒေါ်က ဘယ်သူလဲ၊

ကျွန်မ ... ကျွန်မ ဘာဖြစ်သွားတာလဲဟင်"

"မထနဲ့လေ ကလေးမ ... နင် အားနည်းနေတယ်၊

အနားယူဖို့ လိုအပ်တယ်၊ ငါက ဒေါ်လှမေလို့ခေါ်တယ်၊

နင့်အရင် ဒီအိမ်ကြီးမှာ အိမ်ဖော်တွေကို ထိန်းခဲ့တဲ့

အိမ်ဖော်ထိန်းကြီးဆိုလည်း ဟုတ်တယ်၊

ဒီအိမ်ကြီးရဲ့လူယုံဆိုလည်း ဟုတ်တယ်၊

ငါ မရှိတော့လို့ ဒီအိမ်ကြီးမှာ အလုပ်သမားတွေ

လျှော့ပစ်ခဲ့တာ၊ အခု ငါ ပြန်ရောက်လာပြီဆိုတော့

နင်ဟာ ငါ့အဆုံးအမအောက်မှာ နေရမယ်၊

ငါက ဒီအိမ်ကြီးရဲ့လူယုံပေမယ့် ...

အလုပ်သမားတွေဘက်က ရပ်တည်ပေးသူပါ၊

နင်လည်း ငါ့ကို ယုံကြည်လို့ရပါတယ်"

ဒေါ်လှမေရဲ့စကားကြောင့် မိုးမိုးက အားယူထလိုက်ပြီး



"ဟုတ်ကဲ့ပါ အဒေါ် ... ဒါနဲ့

ကျွန်မ ဘာလို့မူးလဲသွားတာလဲဟင်၊

အဲဒါ အဒေါ်သိလား"

လို့ မေးလိုက်တယ်။

ဒေါ်လှမေက မိုးမိုးရဲ့မျက်နှာကို စူးစိုက်ကြည့်နေတယ်။

"ငါရောက်လာတော့ နင် မူးလဲလို့

အခန်းထဲတောင် ရောက်နေပြီ၊

နင့်ကို ဆရာကတော်ကိုယ်တိုင် ကုသပေးတာပဲ၊

နင် ဘာလို့မူးလဲသလဲဆိုတော့ ..."

"ဒေါ်လှမေရေ ... ကျွန်မ ဆေးရုံသွားတော့မယ်၊

ခြံတံခါး လာပိတ်ထားပါဦး"

ဒေါ်စံပယ်အောင်အောင်ရဲ့အသံကြောင့် ဒေါ်လှမေတစ်ယောက် အိမ်ရှေ့ထွက်ခဲ့တယ်။

ခြံတံခါးပိတ်ပြီး ပြန်လာတော့ ဧည့်ကြီးထိုင်နေတဲ့ မိုးမိုးကို တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါဦး အဒေါ် ...

ကျွန်မ ဘာလို့မူးလဲတာလဲဟင်"

ဒေါ်လှမေက သက်ပြင်းချမိရင်း ...

"အေး ... ပြောပြမယ်၊ ဒါပေမဲ့ ...

ငါ ခုနက ပြောခဲ့သလိုပဲ

နင် ငါ့ကို ယုံကြည်မှုရှိမှ ငါ ပြောပြနိုင်မယ်၊

ငါပြောပြပြီးတဲ့နောက် နင့်မှာ ဖြေရှင်းရမယ့်ကိစ္စကြီး

ရှိနေလိမ့်မယ်"

မိုးမိုးက အံ့အားသင့်ဟန်နဲ့ ...

"ဘယ်လိုကိစ္စများလဲ အဒေါ်ရယ်၊

စိတ်ချပါ အဒေါ် ... ကျွန်မ ဘာဖြစ်လဲဆိုတာ

သိရရင် ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ...

အဒေါ့်ကို တိုင်ပင်ပါ့မယ်ရှင်၊

ဘာ့ကြောင့်လဲဆိုတော့ ကျွန်မက ဆွေမျိုးမဲ့၊

အားကိုးရာမဲ့တဲ့ တစ်ကောင်ကြွက်မို့ပါ"



လို့ ပြောလိုက်တယ်။

ဒေါ်လှမေက မိုးမိုးရဲ့လက်အစုံကို ဆုပ်ကိုင်လိုက်တယ်။

"မိုးမိုး ... နင့်မှာ ကိုယ်ဝန်ရှိနေပြီ"

မိုးမိုးတစ်ယောက် မျက်လုံးအစုံ ပြူးကျယ်သွားပြီး ...

"ဘာ ... ဘယ်လို ကိုယ်ဝန်ရှိနေတယ် ... ဟုတ်လား"

"ဟုတ်တယ် ... နင့်မှာ ကိုယ်ဝန်ရှိနေပြီ၊

ဘယ်သူနဲ့ ဘယ်လိုဖြစ်ပျက်ခဲ့သလဲဆိုတာ

ငါ့ကို ရင်ဖွင့်လိုက်ပါ၊ ဒါမှ နောက်ဖြစ်မယ့်ကိစ္စတွေ

ငါ နင့်ကို ကူညီပေးလို့ရမှာအေ့"

မိုးမိုးတစ်ယောက် ကမ္ဘာပျက်မတတ် တုန်လှုပ်မှုနဲ့အတူ

...ကြီးတင် ငိုချလိုက်တယ်။

ဒေါ်လှမေက သူမရဲ့ပခုံးကိုဖက်ပြီး နှစ်သိမ့်လိုက်တယ်။

သည်းထန်စွာ ငိုကြွေးနေတဲ့ သူမကိုကြည့်ပြီး ...

"ဒီလိုကိစ္စမျိုးက ငိုနေရုံနဲ့ မပြီးဘူး ကလေးမရဲ့၊

အမြန်ဆုံး လုပ်သင့်တာကို လုပ်မှဖြစ်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သမျှအားလုံး အဒေါ်ကို ပြောပြပါ”

လို့ မေးလိုက်တယ်။

မိုးမိုးက ငိုရှိုက်သံကြီးနဲ့ ...

“ကျွန် ... ကျွန်မ ... သေချင်တယ် အဒေါ်ရယ်၊

ဟင့် ဟင့် ဟင့် ... ကျွန်မ ... ကျွန်မ ကိုယ်ဝန်

ရှိတာ သူဌေးကတော် သိသွားပြီပေါ့၊

ရှက်ဖို့ကောင်းလိုက်တာ အဒေါ်ရယ်၊

ကျွန်မ ... ကျွန်မမျက်နှာ ဘယ်နားသွားထားရမလဲ”

လို့ ရေရွတ်ပြီး ငိုကြွေးနေပြန်တယ်။

“တိတ်ပါအေ ... မငိုပါနဲ့တော့၊

ဒါ့ကြောင့် ငါပြောတာပေါ့၊

နင် ငါ့ကို အဒေါ်ရင်းလို အားကိုးပြီး ရင်ဖွင့်လိုက်

ငါ နင့်အတွက် အကောင်းဆုံး ဖြေရှင်းပေးနိုင်တယ်

❒❒❒

# အပိုင်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com

မိုးမိုးတစ်ယောက် ငိုကြွေးရာကနေ မျက်ရည်စတွေကို သုတ်လိုက်တယ်။

ဒေါ်လှမေကို အားကိုးတကြီးကြည့်ရင်း ...

"အ ... အဒေါ် ... ကျွန်မကို တကယ်ကူညီနိုင်ပါ့မလားဟင်၊ ကျွန်မ ... ကျွန်မ ... အဒေါ့်ကို



အားလုံးပြောပြပါ့မယ်၊ ဒါ ... ဒါပေမဲ့ ...

ဒီအကြောင်းတွေကို သူဌေးကတော်တို့

မသိပါစေနဲ့ရှင်၊ ကျွန် ... ကျွန်မကို ကူညီပါနော်"

လို့ ပြောလိုက်တယ်။

"စိတ်ချပါ ကလေးမ ... ငါနဲ့နင်ဟာ

အခုမှ တွေ့ကြပေမယ့် နင့်ဘက်က

ငါ ရပ်တည်ပေးနိုင်ပါတယ်၊

ယုံကြည်စွာ ပြောနိုင်ပါတယ်"

မိုးမိုးက ဒေါ်လှမေကို အားကိုးယုံကြည်သွားပြီး သူမနဲ့ ဦးမောင်မောင်ကျော်တို့အကြောင်းကို ပြောပြလိုက်တယ်။

အကြောင်းစုံသိရတဲ့ ဒေါ်လှမေတစ်ယောက် အသက်ရှူ ရပ်မတတ် ထိတ်လန့်သွားရတယ်။

မိုးမိုးက မျက်ရည်ပေါက်ကြီးငယ်ကျရင်း ...

"ဒါ့ကြောင့်ပါ အဒေါ်ရယ် ...

ကျွန်မ ကိုယ်ဝန်ရှိမှန်းသိပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနဲ့ရတယ်ဆိုတာ သူ့ဒွေးကတော်

လုံးဝသိလို့မဖြစ်ပါဘူးရှင်၊

ကျွန် ... ကျွန်မ ဘာလုပ်ရမလဲဆိုတာ၊

အဒေါ် လမ်းပြပေးပါနော် ...

ကျေးဇူးမမေ့ပါဘူး အဒေါ်ရယ်”

လို့ တောင်းပန်တိုးလျှိုးလိုက်တယ်။

ဒေါ်လှမေတစ်ယောက် ကျောက်ရုပ်လို ငြိမ်သက်နေရာက ...

“အေး ... အေးပါ၊ ငါ ဘာလုပ်ရမလဲ စဉ်းစားပေးပါ့မယ်၊

နင် စိတ်မပူနဲ့တော့ ... ကြားလား”

လို့ နှစ်သိမ့်စကားဆိုလိုက်တယ်။

ဒေါ်လှမေတစ်ယောက် ဟင်းချက်ဖို့ မီးဖိုခန်းဘက်ထွက်လာခဲ့ပေမယ့် စိတ်နဲ့လူ မကပ်တော့ဘူး။

ဒီကိစ္စကြီး ဒေါ်စံပယ်အောင်အောင်ကို ဘယ်လိုပြန်ပြောရပါ့။



သူမ စုံစမ်းခိုင်းလို့သာ မိုးမိုးကို ဒီအကြောင်းတွေ မရမကာ မေးခဲ့ရတာ။

မိုးမိုးရဲ့ကိုယ်ဝန်က သူ့ယောကျ်ားကြောင့်ဆိုတာ ဒေါ်စံပယ်အောင်အောင်သိရင် အခြေအနေတွေ ဘယ်လိုဖြစ်မလဲ။

ဒေါ်လှမေတစ်ယောက် ဘာလုပ်ရမှန်းမသိတဲ့စိတ်နဲ့ ထမင်းစားစားပွဲမှာ ထိုင်နေမိတယ်။

“ဟဲ့ လှမေ ... ဟင်းတွေချက်ပြီးပလားအေ့၊

ငါလည်း တရားခွေသွားယူရင်း

အိမ်ကဟာမအကြောင်း အတင်းချနေတာနဲ့

ကြာသွားတယ်”

ဒေါ်ဝင်းမြိုင်က ပြောဆိုရင်း ဝင်လာတယ်။

“ကျွန်မ ဟင်းမချက်ရသေးဘူး ဒေါ်ကြီး၊

ဟိုလေ ... မချက်တာကြာတော့ အစပ်အဟပ်

တည့်ပါ့မလားလို့ တွေးပူမိလို့ပါ ဒေါ်ကြီး”

ဒေါ်ဝင်းမြိုင်က ဟင်းချက်စင်ရှိရာ လျှောက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ညည်းကလည်းအေ ခြောက်လလောက်မနေတာနဲ့

မေ့ရရောလား ... ထားပါ ထားပါ၊

ငါပဲ ပြပေးပါ့မယ်၊ ဟိုမရွှေချောကလည်း တစ်မှောင့်

မိုက်ကြီးနာခွဲနေတာလေ၊

ဒါ့ကြောင့် စံပယ်ကို သတိပေးခဲ့သား၊

ဒင်း ငါ့စကားမှ မယုံဘဲ၊

ယောကျ်ားဆိုတာ အိုင်တွေ့ရင်လည်း ဆေးမှာပဲ၊

ချောင်းတွေ့ရင်လည်း လက်ပစ်ကူးမှာပဲ၊

ဟိုကောင်ကလည်း မိန်းမထဘီနားခိုစားပြီး

ခိုးစားချင်တဲ့ကောင်မျိုး"

ဒေါ်ဝင်းမြိုင်က တဖျစ်တောက်တောက်ပြောရင်း ဟင်

ချက်လိုက်တယ်။

"ဟင် ... ဒေါ်ကြီးက မိုးမိုးရဲ့ကိုယ်ဝန်အကြောင်း

သိနေတာပေါ့"

ဒေါ်လှမေရဲ့အပြောကြောင့် ဒေါ်ဝင်းမြိုင်က ...



"ဒင်းတို့ကို ငါ မသင်္ကာတာ ကြာပြီ၊

မိစံပယ်ကို ပြောသား ... လက်မခံဘူးလေ၊

ခုတော့ ကိုယ်ကျိုးနည်းရောပေါ့အေ၊

လုပ်စရာတစ်လမ်းတည်း ရှိတယ်၊

ငွေပေးပြီး ရှာပြန်နိုင်းရုံပဲလေ"

လို့ မျက်နှာကိုမဲ့ရွဲ့ ပြောလိုက်တယ်။

ဒေါ်ဝင်းမြိုင်ရဲ့စကားကြောင့် ဒေါ်လှမေတစ်ယောက်

သက်ပြင်းချလိုက်မိတယ်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

**စံပယ်အောင်အောင်တစ်ယောက်** အိပ်ခန်းထဲ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း သွေးနားထင်ဆောင့်တက်နေရပြီ။

"အကြောင်းစုံက အဲဒါပဲ ဆရာကတော်၊ မိုးမိုးကိစ္စကို ဘယ်လိုရှင်းမယ် စိတ်ကူးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင် ကျွန်မကို ဒီလိုလုပ်ရက်မယ်လို့

အိပ်မက်တောင် မမက်ဖူးဘူး၊

ကျွန်မဘက်က ကောင်းနေပါလျက်နဲ့ ခုလိုမျိုး

အိမ်ထောင်ရေးစည်းကျော်တာ လက်မခံနိုင်ဘူး၊

ဒေါ်လေးက ကျွန်မကို အတန်တန်

သတိပေးခဲ့ပါတယ်၊

ယောကျ်ားကို ယုံကြည်စိတ်နဲ့ပဲ

ဒေါ်လေးပြောသမျှ ခေါင်းထဲမဝင်ခဲ့တာ၊

အခု ဘာလုပ်ရမလဲဆိုတာ ကျွန်မ သိသွားပြီ

ဒေါ်လှမေ"

စံပယ်အောင်အောင်ရဲ့စကားကြောင့် ဒေါ်လှမေက —

"ဒါဆို မိုးမိုးကို ငွေပေး ... ရှာပြန်နိုင်းပြီး

ကလေးမွေးခိုင်းမယ်ပေါ့"

လို့ မေးလိုက်တဲ့အခါ စံပယ်အောင်အောင်က နှာ

ကြည်းကြည်း ပြုံးလိုက်တယ်။



"ကျွန်မက မီးယပ်နဲ့သားဖွား အထူးကုဆရာဝန်

တစ်ယောက်ပါ၊

ကိုမောင်ဖောက်ပြန်လို့ ဖြစ်လာတဲ့

နောက်ဆက်တွဲပြဿနာကို ကျွန်မကိုယ်တိုင်

မဖြေရှင်းပေးနိုင်ဘူး၊

ကျွန်မ စာနာစိတ်ရှိတဲ့ စိတ်ဓာတ်ကောင်းတဲ့သူဆိုတာ

ဒေါ်လှမေ အသိဆုံးပါ၊

ဒါပေမဲ့ ... ကျွန်မက ရဟန္တာမ မဟုတ်ဘူး၊

ဒါ့ကြောင့် မိုးမိုးကို ကောင်းကောင်းလက်တုံ့ပြန်ရမယ်၊

ကျွန်မ ဘယ်လိုလက်တုံ့ပြန်မလဲဆိုတော့ ..."

စံပယ်အောင်အောင်က စာကြည့်စားပွဲရှိရာ လျှောက်

သွားပြီး ...

စာရွက်လွတ်မှာ လိပ်စာတစ်ခု ချရေးလိုက်တယ်။

"မိုးမိုးကိုခေါ်ပြီး ဒီလိပ်စာအတိုင်း သွားပါ၊

ပြီးရင် သူ့ကိစ္စကို အပြတ်ရှင်းခဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ရော့ ... ဒီမှာ ငွေ"

စံပယ်အောင်အောင် လှမ်းပေးတဲ့ လိပ်စာကိုကြည့်ပြီး ဒေါ်လှမေတစ်ယောက် ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။

သူမ ဘယ်လိုဖြစ်စေချင်သလဲဆိုတာပါ ရိပ်စားမိသွားတယ်။

ဒါပေမဲ့ ... သူ့အနေနဲ့ မလွန်ဆန်ဝံ့တာကြောင့် ...

"အခုပဲ မိုးမိုးကိုခေါ်ပြီး သွားလိုက်ပါ့မယ်၊

စိတ်ချပါ ဆရာကတော်"

လို့ပြောပြီး သူမရဲ့အိပ်ခန်းထဲက ထွက်ခဲ့ရတယ်။

မိုးမိုးဆီရောက်တော့ အိပ်ရာထက် ခွေခွေလေး လှဲနေတာ တွေ့လိုက်ရတယ်။

"လှဲပြီး စိတ်ညစ်နေရုံနဲ့ မပြီးဘူး ကလေးမ၊

ငါတို့ အပြင်သွားရအောင်"

မိုးမိုးက အိပ်ရာထက်က လူးလဲထလိုက်ပြီး ...

"ဘယ်သွားမလို့လဲ အဒေါ်၊



ကျွန်မပါ လိုက်ခဲ့ရမှာလားရှင်"

"လိုက်ရမှာပေါ့ မိုးမိုးရယ်၊

ဒီမှာတွေ့လား ငွေတွေ ... နင့်ကိစ္စအတွက်

ဆရာကတော်ဆီက ငါ လစာကြိုထုတ်ခဲ့တာ၊

ငါစီမံတဲ့အတိုင်းသာ နင်လုပ်ပါ၊

နင်ကောင်းဖို့ပါပဲ"

"ကျွန်မအတွက် ငွေတွေကြိုထုတ်လာတယ် ဟုတ်လား၊

ကျွန်မ ... ကျွန်မ ဘာလုပ်ရမှာလဲ အဒေါ်၊

ရွာပြန်ရမှာလား၊

ရွာမှာလည်း ကျွန်မ နေစရာအိမ်မရှိဘူးလေ၊

ပြန်ရတော့မှာလား အဒေါ်ရယ်"

မိုးမိုးက မျက်နှာငယ်လေးနဲ့ မေးလိုက်တယ်။

"ပြန်စရာမလိုတဲ့လမ်းကို ငါ ရွေးပေးမလို့ပါ၊

နင် ... ဗိုက်ထဲက ကလေးကို မွေးလို့မဖြစ်ဘူး၊

ဖျက်ချပစ်ရမယ် မိုးမိုး"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်ထိန်းကြီး ဒေါ်လှမေရဲ့စကားကြောင့် သူမ ခေါင်းတစ်ခုလုံး ချာချာလည်မတတ် ထိတ်လန့်သွားတယ်။

"ဘယ် ... ဘယ်လို ဖျက်ချပစ်ရမယ် ... ဟုတ်လား၊

မ ... မဖြစ်နိုင်ပါဘူး အဒေါ်ရယ်၊

ဟင့်အင်း ... ဟင့်အင်း ... ကျွန်မ ကြောက်တယ်"

ဒေါ်လှမေက သူမရဲ့ဆံပင်တွေကို ပွတ်သပ်လိုက်ပြီး

"သြော် ကလေးမရယ် ... နင်က အခုမှ

အသက်ငယ်ငယ်လေး ရှိသေးတယ်၊

နောင်ဖြစ်လာမယ့်အကြောင်းတွေကို

သေချာတွေးကြည့်စမ်း၊

ဖြစ်ထားတဲ့ကိစ္စက ဆရာဦးမောင်မောင်ကျော်နဲ့၊

ဆရာကတော်သာ သူ့ယောကျ်ားနဲ့ နင်ဖြစ်တဲ့ကိစ္စ

တစ်ချိန်ချိန်သိသွားရင် နင် ဘယ်လိုရင်ဆိုင်မလဲ၊

ဗိုက်ထဲက ကိစ္စကို ဖြေရှင်းပြီး လူ့လောကမှာ

လွတ်လပ်စွာ ဆက်ရပ်တည်နိုင်ဖို့ တွေးရမယ် မိုးမို



နင်နဲ့ငါဟာ သွေးသားမတော်စပ်ပေမယ့်

လူကြီးတစ်ယောက်ဖြစ်တဲ့အတွက်ရော၊

စာနာတဲ့အတွက်ပါ နင့်အတွက် အကောင်းဆုံးလမ်း

ငါ ငွေကုန်ခံပြီး ရွေးပေးတာပဲ၊

ခေါင်းအေးအေးထားပြီး တွေးပါ ကလေးမရယ်"

မိုးမိုးက ခေါင်းခါယမ်းလိုက်ရင်း ...

"ဟင့်အင်း ... ကျွန် ... ကျွန်မ ဦးမောင်

ခရီးကပြန်လာမှ ဒီကိစ္စ စီစဉ်ပါရစေ၊

အဒေါ်ရဲ့စေတနာကို နားလည်ပါတယ်ရှင်"

လို့ ဒေါ်လှမေရဲ့လက်ကို ဆုပ်ကိုင်ပြီး တောင်းဆိုလိုက်တယ်။

"ဒီမယ် မိုးမိုးရဲ့ ... ငါက ဒီအိမ်ရဲ့အတွင်းရေးအားလုံးကို

သေချာသိထားတဲ့လူပါ၊ မောင်မောင်ကျော်က

စံပယ်အောင်အောင်ကို ဘယ်တော့မှ မကျော်နိုင်ဘူး၊

ဘာကြောင့်လဲဆိုတော့ ကိုယ်တိုင်ရှာဖွေစားသောက်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူ့သဘာဝကို သူ ရင်မဆိုင်နိုင်ဘူးလေ၊

သူ့မှာ ပညာအရည်အချင်းမရှိသလို

ကျောထောက်နောက်ခံ ဘာမှမရှိဘူး၊

တကယ့် လူ့ပေါကြော့ ယောကျ်ားပျင်းကြီးအေ၊

အေး ... ငါ အတတ်ပြောရဲတယ်၊

နင့်ကို ဘယ်နည်းနဲ့မှ သူ့မိန်းမအရိပ်အောက်က

ထွက်ပြီး တာဝန်ယူမယ့်လူ မဟုတ်ဘူး၊

တာဝန်ယူနိုင်ပါတယ်လို့ နင့်ကို ပြောခဲ့ဖူးရင်လည်း

ပြဿနာမဖြစ်ခင်မို့ ယောကျ်ားညံ့တို့ရဲ့စရိုက်တိုင်း

အလွယ်ပြောခဲ့တာပဲဖြစ်မယ်၊ နင့်ဟာနင် သေချာ

စဉ်းစားကြည့်စမ်းပါ ... ငါပြောတာ မှားသလားဆိုတာ

ဒေါ်လှမေရဲ့စကားကြောင့် မိုးမိုးတစ်ယောက် တွေဝေ

သွားတော့တယ်။

□□□

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

ဦးမောင် သူမကို ပြောခဲ့တဲ့စကားတွေကို ပြန်တွေ
ရင်း သူမရဲ့မျက်နှာ တင်းမာသွားတယ်။

နှစ်ယောက်တည်း ပြောခဲ့တဲ့စကား ... နှစ်ယောက်အ
နေကြဖို့ သူမ တောင်းဆိုတုန်းက ဦးမောင်က အချိုသတ် ဖြ
ဆန်ခဲ့သည် မဟုတ်ပါလား။



မိုးမိုးတစ်ယောက် ရစ်ဝဲတက်လာတဲ့ မျက်ရည်စတွေကို သုတ်လိုက်ပြီး အံကြိတ်လိုက်မိတယ်။

ပြီးမှ ...

"ကောင်းပြီ အဒေါ် ... အဒေါ်ပြောတဲ့အတိုင်း

ကျွန်မ လုပ်မယ် ... သွားကြရအောင်"

မိုးမိုးရဲ့စကားကြောင့် ဒေါ်လှမေ သက်ပြင်းချလိုက်နိုင်တယ်။

"ကဲ ... ဒါဆို သွားကြရအောင် မိုးမိုး၊

ငါ ဆရာကတော်ကို နင်နဲ့အပြင်သွားဖို့ ပြောခဲ့ပြီးသား"

ဒီနောက်မှာတော့ နှစ်ယောက်သား အပြင်ထွက်ခဲ့ကြတယ်။

"ဟဲ့ ဒါက ... ဘယ်သွားကြမလို့လဲ"

နောက်ကနေ လှမ်းမေးလိုက်တဲ့ ဒေါ်ဝင်းမြိုင်ရဲ့အသံကြောင့် ...

"ဆရာကတော် ခိုင်းထားလို့ပါ ဒေါ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှမေက ထိုသို့ဖြေပြီး ခြံဝဆီ ခပ်သုတ်သုတ် လျှောက်သွားတယ်။

"မိစံပယ်နိုင်းလို့ အပြင်သွားတာတဲ့၊

သွားတော့လည်း နှစ်ယောက်လုံးပဲ၊

ခင်းတို့ ငါမသိဘဲ ဘာတွေလုပ်နေလဲ မသိဘူး"

အတွေးနဲ့အတူ ဒေါ်ဝင်းမြိုင်ဟာ အပေါ်ထပ်တက်သွား တယ်။

စံပယ်အောင်အောင်ရဲ့ အခန်းတံခါးဖွင့်လိုက်တော့ အိပ် ရာပေါ်လှဲနေတာ တွေ့ရတယ်။

"မိစံပယ် ... ညည်း ဘာဖြစ်နေတာလဲ၊

ဒီနေ့ ဆေးရုံမသွားဘူးလား"

"မသွားဖြစ်ဘူး ဒေါ်လေး ... ကျွန်မ ခွင့်ယူထားတယ်"

ဒေါ်ဝင်းမြိုင်က ရင်ဘတ်ဖိရင်း ...

"ကျားသားမိုးကြိုးပါလားအေ၊

နေမကောင်းတာတောင် အလုပ်မပျက်တဲ့လူက



ခွင့်တွေ ဘာတွေယူလို့ပါလား"

"ကျွန်မ နားချင်လို့ပါ ... ဒေါ်လေး ပြောစရာ

မရှိရင် ကျွန်မ အိပ်ချင်ပြီ"

"ပြောစရာရှိလို့ လာခဲ့တာပေါ့အေ့၊

နင်တို့ ငါ့အသိမပေးဘဲ ဘာတွေလုပ်နေတာလဲ၊

နင်နဲ့ငါက တူအရီးအရင်းတွေပါအေ၊

နင်သာ ငါ သတိပေးတုန်းက လက်ခံပြီး

အိမ်ကို ဂရုစိုက်ခဲ့ရင် ဒါမျိုးဖြစ်စရာ မရှိဘူးအေ"

"ဒေါ်လေးကို အသိမပေးတာ မဟုတ်ဘူး၊

ကျွန်မ လုပ်သင့်တာလုပ်နေတာ၊

အချိန်တန်တော့ သိရမှာပေါ့၊

ကဲပါ ဒေါ်လေးရယ် ... သွားပါ၊

တစ်ယောက်တည်း နေပါရစေ"

စံပယ်အောင်အောင်က ထိုသို့ပြောလိုက်စဉ်မှာပဲ သူမရဲ့ လက်ကိုင်ဖုန်း မြည်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပြော ကိုမောင် ... ပြန်လာပြီလား"

"ကိုယ်မလာဖြစ်သေးဘူး မိန်းမရဲ့၊

ဒီမှာလေ အော်ဖီပွင့်တို့ ကဲလို့မဝသေးလို့၊

ထပ်နေဦးမယ်တဲ့ ... အဲဒါ မိန်းမကို

လှမ်းအကြောင်းကြားတာ၊

မိန်းမရော အားလုံးအဆင်ပြေတယ် မဟုတ်လား"

"အင်း ... ပြေတယ် ကိုမောင်၊

စံပယ် အလုပ်များနေလို့ ဒါပဲနော် ...

နောက်မှဆက်မယ်"

"ဟုတ်ပါပြီကွာ၊ ချစ်တယ်နော် မိန်းမ ... ဒါပဲနော်"

ဖုန်းပြောတာကို ကြားနေရတဲ့ ဒေါ်ဝင်းမြိုင်က မျက်မှာ

မဲ့ရွဲ့ပြီး ...

"လင်ကို ခေါင်းပေါ်တင်ထားတော့

မဖြစ်သင့်တာတွေ ဖြစ်ကုန်ရပြီ၊

ဒါ့ကြောင့် ဝင်းမြိုင်တို့ အပူမရှာဘဲ အပျိုကြီးလုပ်တာ



ယောကျ်ားတွေများ တယ်ခက် ... တယ်ခက်"

လို့ မကြားတကြားပြောပြီး ထွက်သွားတော့တယ်။

စံပယ်အောင်အောင်တစ်ယောက် အိပ်ရာထက် နဖူးပေါ်

လက်တင်ရင်း မျက်ရည်ကျမိတယ်။

အိမ်ထောင်ဦးမှာ မိဘတွေ သဘောမတူတဲ့ကြားက

မောင်မောင်ကျော်နောက် လိုက်ခဲ့တဲ့ သူမ။

မောင်မောင်ကျော်ရဲ့တဲစုတ်လေးမှာ အိမ်ကပါလာတဲ့

လက်ဝတ်လက်စားတွေ ရောင်းချပြီး ဆေးကျောင်းကာလကို

ဖြတ်ကျော်ခဲ့ရတဲ့ သူမ။

မိဘတွေ တိမ်းပါးချိန်ရောက်မှ ဒီအိမ်ကြီးပေါ် သူမ

ပြန်တက်ခွင့် ရခဲ့ရခြင်းပင်။

လင်ကိုချစ်လွန်းလို့ ဘာမှမခိုင်းရက်ဘဲ အိမ်ဦးခန်းမှာ

ထိုင်စားစေခဲ့တဲ့ သူမ။ အခုတော့ ... ချစ်လင်ကြီးက သူမ

နောက်မှာ သူမအိမ်မှာတင်ပဲ အိမ်ဖော်ကို ခြေတော်တင်လို့

စုံးနိုင် မဖိနိုင်တဲ့အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကြားမှာ၊ သူမရဲ့ ဆေးလောကအသိုင်းအဝိုင်းမှာ မျက်နှာဘယ်လိုထားရပါ့မလဲ။

ထိုသို့တွေးမိချိန်မှာတော့ ...

သားဖွားနဲ့မီးယပ်အထူးကုဆရာဝန်ကြီး ဒေါ်စံပယ်အောင်အောင်တစ်ယောက် အသည်းတွေပြုတ်ထွက်မတတ် နာကျင်ရချေပြီ။

သူမ အတွေးတွေ နာကျင်ခံစားမှုတွေကြောင့် ရင်ဘတ်အောင့်မတတ် ခံစားနေရတယ်။

ဒါ့ကြောင့် အိပ်ဆေးတစ်လုံးသောက်ပြီး အိပ်ပစ်လိုက်တော့တယ်။

ထိုနေ့တစ်ညလုံး အိပ်ပစ်လိုက်ပြီး ညရှစ်နာရီလောက်မှာတော့ အခန်းတံခါးခေါက်သံ ကြားလိုက်ရတယ်။

"ဆရာကတော် ... ဆရာကတော် ...

ကျွန်မ ဝင်ခဲ့လို့ရမလား ဆရာကတော်"

"ဒေါ်လှမေလား ... ဝင်ခဲ့ပါ"



ဒေါ်လှမေက ပေါ့ပါးတဲ့မျက်နှာနဲ့ အခန်းထဲဝင်လာတယ်။

"အဆင်ပြေရဲ့လား ဒေါ်လှမေ"

သူမက အိပ်ရာပေါ်က ထထိုင်ပြီး မေးလိုက်တယ်။

"ပြေတာပေါ့ ဆရာကတော်ရယ်၊

ဆရာကတော် ညွှန်လိုက်တဲ့ လက်သည်ကြီးက သိပ်တော်တာပဲ၊

အချိန်တောင် ဘယ်လောက်မှမကြာဘူး၊

မိုးမိုးရဲ့ကိုယ်ဝန်ကို အလွယ်တကူ ဖျက်ချနိုင်ခဲ့တယ်၊

သူ့ဆီလာတဲ့လူတွေ များလိုက်တာ၊

ကျွန်မက အနားကပ်ပြီး ဆရာကတော့်နာမည်

ပြောလိုက်တော့ မစောင့်ရဘဲ လုပ်ပေးလိုက်တာ"

စံပယ်အောင်က ရေတစ်ခွက် ငုံ့သောက်လိုက်ပြီး ...

"အဲဒါ အရပ်လက်သည်မဟုတ်ဘူး ဒေါ်လှမေရဲ့၊

အငြိမ်းစားသားဖွားသူနာပြုကြီးပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ ကဲ ... ဒေါ်လှမေလည်း တစ်နေကုန်

ပင်ပန်းနေပြီ၊ သွားနားလိုက်နော်”

တံခါးအပြင်က နားထောင်နေတဲ့ ဒေါ်ဝင်းမြိုင်ဟာ

သူတို့ပြောသမျှအားလုံး ကြားသွားတယ်။

“သြော် ... မိစံပယ် ... မိစံပယ်၊

ငါ သတိပေးလျက်နဲ့ သူ့ယောကျ်ား ဒီလိုလုပ်တာ

ငါ့ကိုရှက်လို့ အသိမပေးဘဲ ကျိတ်ကြိတ်နေတာကိုး၊

သူတို့ မိုးမိုးရဲ့ကလေးကို ဖျက်ချလိုက်ပြီ၊

အင်း ... ငါထင်တာထက်တောင်

သူက ပိုတော်နေပါလား၊

တစ်ပူအေးသွားတော့လည်း ပြီးတာပါပဲလေ၊

မောင်ကျော် ပြန်လာရင်တော့

ဘာဆက်ဖြစ်မလဲမသိဘူး”

❒❒❒

# အပိုင်း (၁၄)

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့သည ... သန်းခေါင်ကျော်အချိန် ...

ဒေါ်လှမေတစ်ယောက် စိုးရိမ်စိတ်အပြည့်မျက်နှာကြီးနဲ့ အိမ်ပေါ်ထပ်ကို ခြေသံပြင်းပြင်း နင်းတက်သွားတယ်။

"ဆရာကတော် ... ဆရာကတော် ... ဆရာကတော်"

စံပယ်အောင်အောင်ရဲ့အခန်းတံခါးကို တဒုန်းဒုန်းထုပြီး



အသည်းအသန်ခေါ်လိုက်တယ်။

အသံကြောင့် စံပယ်အောင်အောင်တစ်ယောက် အိပ်ရာက လန့်နိုးသွားတယ်။

"ဒေါ်လှမေ ... ဘာဖြစ်တာလဲ ... ဝင်ခဲ့, ဝင်ခဲ့"

"ဟို ... ဟိုမှာ မိုးမိုးလေ ... သူ ...

သူ ဗိုက်ထဲက အောင့်တယ်, ကိုက်တယ်ဆိုပြီး

အော်ငိုနေတယ် ... ပြီး ... ပြီးတော့ ...

သူ့ ... သူ့ထဘီမှာ သွေးတွေအများကြီးပဲ၊

လုပ်ပါဦး ဆရာကတော်ရယ်"

စံပယ်အောင်အောင်က စိတ်လှုပ်ရှားသွားပြီး အိပ်ရာပေါ်က ဆင်းလိုက်တယ်။

ရုတ်ခြည်းဆိုသလို သူမရဲ့မျက်နှာဟာ စိုးရိမ်ပူပန်မှုကနေ တင်းမာသွားတယ်။

"ဘယ်လိုလဲ မိစံပယ် ...

ညည်းကတဲ့ဓာတ်ကို မနိုင်တော့ဘူး မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာက ပြဿနာတက်နေပြီ၊

နင် ငါ့ကို ဒီကိစ္စမတိုင်ပင်ခဲ့ပေမယ့်

ငါ အားလုံးသိနေတယ်လေ"

ဒေါ်ဝင်းမြိုင်က တစ်လှမ်းချင်း လျှောက်ဝင်လာရင်း ပြောလိုက်တယ်။

"သိရင်လည်း ပြီးတာပဲ ဒေါ်လေး၊

ကျွန်မဇာတ်ကို ကျွန်မ ဆက်ကမယ်၊ ကြည့်နေပါ၊

ကျွန်မကို သိက္ခာကျအောင်လုပ်တဲ့လူတွေကို၊

ဘယ်တော့မှ ချမ်းသာမပေးဘူး၊

ကံကြမ္မာက ကျွန်မရဲ့ဘက်မှာ ရှိနေပြီ၊

အစကတော့ ကလေးဖျက်ချခိုင်းပြီး ရှာပြန်ပို့မလို့ပဲ၊

အင်း ... ဒီလိုဖျက်ချဖို့ ငွေထုတ်ပေးတာ

တခြားကြောင့်မဟုတ်ဘူး ... ငွေပေးပြီး

ပြန်လွှတ်လိုက်ရင်း ကလေးနဲ့ပတ်သက်ပြီး

တစ်ချိန်မှာ ပြဿနာရှုပ်မှာစိုးလို့ပဲ၊



ဒါ့ကြောင့် ကိစ္စပြတ်အောင် တစ်ခါတည်း

ဖျက်ချပေးလိုက်တာ၊

ဟင်း ဟင်း ဟင်း ... ခုတော့ ပွဲက ပိုကောင်းသွားပြီ၊

ဒီတော့လည်း အဆုံးသတ်ကို ထိုင်ကြည့်နေရုံပဲပေါ့ရှင်၊

ဒေါ်လှမေ ... အပေါ်ထပ် ရေခဲသေတ္တာထဲက

ဝိုင်ပုလင်း ယူပေးပါ"

ဒေါ်စံပယ်အောင်အောင်က အိပ်ခန်းထဲရှိ ဆက်တီမှာ ဝင်ထိုင်ရင်း အမုန်းမီးတောက်စွာ ပြောလိုက်တယ်။

ဒေါ်လှမေတစ်ယောက် ပြင်းထန်လာတဲ့အခြေအနေတွေကြောင့် သက်ပြင်းချရုံကလွဲလို့ ဘာမှမပြောသာဘူး။

"ညည်းက ပညာတတ်ပီသပါပေတယ်၊

အားလုံး အကွက်ချနိုင်တာပဲ၊

ဟိုအောက်မှာက သွေးသွန်ပြီး အော်ဟစ်နေရှာတယ်၊

ညည်းကတော့ သူ့အသံကို ဝိုင်လေးသောက်ပြီး

အမြည်းလုပ်တော့မယ်ပေါ့လေ၊

www.burmeseclassic.com

www.burmeseclassic.com



တော်လိုက်တဲ့ ငါ့တူမ၊ အေး ... ဒီလိုတော်သလိုပဲ
မောင်ကျော်ပြန်လာရင် ဆက်တော်အောင်နေပါ၊
ယောကျ်ားမြင်မှ ပျော့မသွားနဲ့ မိစံပယ်၊
ငါလိုချင်တာ ဒါပဲ၊ ညည်းယောကျ်ား
အဖျင်းကောင်ကို ငါ လုံးဝကြည့်မရဘူး"

ဒေါ်ဝင်းမြိုင်က ထိုသို့ပြောဆိုပြီး ၎င်းရဲ့အိပ်ခန်းထဲ ပြန်ဝင်သွားတယ်။

စံပယ်အောင်အောင်တစ်ယောက် ဒေါ်လှမေငှဲ့ပေးတဲ့ ဝိုင်ခွက်ကို တစ်ငုံချင်း စုပ်သောက်လိုက်တယ်။

"အ ... အမေရေ ... ကယ်ပါဦး အမေရဲ့၊
သမီး သေရပါတော့မယ် ... အား ... အား ...
နာတယ် ... တအားနာတယ် ... ကယ်ကြပါဦး"

မိုးမိုးရဲ့နားနဲ့မဆံ့အောင် အော်ဟစ်သံကြောင့် ဒေါ်လှမေဘာလုပ်ရမှန်းမသိအောင် ဖြစ်နေရှာတယ်။

ဒီအချိန်မှာပဲ အခါမဟုတ်တဲ့မိုးက အပြင်မှာ အုန်းအုန်း



ရွာချလိုက်တယ်။

မိုးရွာသံ၊ မိုးမိုးရဲ့အော်ဟစ်သံတွေအောက် ဒေါ်စံပယ်အောင်အောင်တစ်ယောက် ဝိုင်တစ်ခွက်နဲ့ သာသာယာယာလေး ထိုင်နေတယ်။

"ဆရာကတော် ... အောက်မှာ တအားအော်နေတယ်၊
ကျွန် ... ကျွန်မ သွားကြည့်လိုက်ရမလားဟင်"

ဒေါ်လှမေက မိုးမိုးအသံကို မကြားဝံ့တော့တဲ့အတွက် အရဲစွန့်ပြီး မေးလိုက်တယ်။

စံပယ်အောင်အောင်က လက်ကာပြတယ်။

"ခဏလေးပါ ... ခဏလေးပါပဲရှင်၊
အပြင်မှာ မိုးကလည်း အခါမဟုတ် ရွာချနေတယ်၊
အိမ်ထဲက မိုးမိုးကလည်း မိုးနဲ့အပြိုင် ငိုကြွေးနေတယ်၊
မကြာခင် အရာအားလုံး ငြိမ်သက်သွားလိမ့်မယ်၊
စောင့်ကြည့်လိုက်ပါ ဒေါ်လှမေရယ် ...
ဟင်း ဟင်း ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စံပယ်အောင်အောင်ရဲ့အပြောကြောင့် ဒေါ်လှမေဟာ သူမကို မဝံ့မရဲကြည့်လိုက်မိတယ်။

ပညာသိပ်တတ်လွန်းတဲ့မိန်းမတစ်ယောက် ဂုဏ်သိက္ခာကြောင့်၊ သူမရဲ့အရှက်တရားကြောင့် မလုပ်သင့်တာတွေ ကျူးလွန်နေတာ အကဲခတ်မိသွားတယ်။

ဒါပေမဲ့ အလုပ်သမားနဲ့အလုပ်ရှင် ကျေးဇူးတွေက လည်း ရှိနေတော့ သူမ ... ဘာများပြောခွင့်, တားဆီးခွင့်ရှိပါ့မလဲ။

ဒါပေမဲ့ ... ကျိတ်ပြီး ဆုတောင်းနေမိတယ်။

မိုးမိုးတစ်ယောက် မလိုအပ်တဲ့ဘေး မတွေ့စေဖို့ပါ။

❒❒❒

---

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

မိုးတိတ်ချိန်ရောက်တော့ နှစ်ထပ်တိုက်ကြီးထဲ ဖိနပ်ရှပ်တိုက်သံတစ်ခုက စည်းဝါးကျကျ ကြားလိုက်ရတယ်။

ဒေါ်စံပယ်အောင်အောင်က ဝိုင်ခွက်ကိုင်ပြီး လှေကား အတိုင်း ဆင်းလာသလို သူ့နောက်မှာတော့ ဒေါ်ဝင်းမြိုင်နဲ့ အိမ်အကူကြီး ဒေါ်လှမေတို့ လိုက်ပါလာကြတယ်။



ဒေါ်စံပယ်အောင်အောင်က ဟနေတဲ့ အိမ်ဖော်ခန်းရဲ့ တံခါးကို ခြေထောက်နဲ့ အသာလေး တွန်းဖွင့်လိုက်တယ်။

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ဒေါ်လှမေဟာ တအား လန့်သွားပြီး ...“အမယ်လေး” လို့ ရေရွတ်လိုက်မိတယ်။

ဒေါ်ဝင်းမြိုင်ကတော့ သာမန်ဟန်နဲ့ပဲ ကြည့်နေတယ်။

အိပ်ရာတစ်ခုလုံး သွေးခြင်းခြင်းနီနေသလို ...

အိပ်ရာခင်းစကို ဆုပ်ကိုင်ပြီး မျက်လုံးအပြူးသား ဆံပင် ဖရိုဖရဲနဲ့ သေဆုံးနေတဲ့ အိမ်ဖော်မလေး မိုးမိုး။

သူမရဲ့ပြူးကျယ်နေတဲ့ မျက်လုံးတွေက အိပ်ခန်းဝရှိ သူတို့ကို စိုက်ကြည့်နေသလိုလို။

ဒေါ်စံပယ်အောင်အောင်က သွေးအေးစွာပဲ အလောင်းရှိ ရာ လျှောက်သွားတယ်။

ပြီးတော့ သွေးအေးရက်စက်တဲ့အပြုံးနဲ့ အလောင်းကို စူးစိုက်ကြည့်နေတယ်။

“နင် ဘာလုပ်နေတာလဲ စံပယ်၊

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကိုကြည့်ပြီး အသုဘရှုနေတာလား၊

မသတီစရာကြီးအေ ... ငါတို့

အခု ဘာဆက်လုပ်ကြမလဲ"

ဒေါ်ဝင်းမြိုင်က အလောင်းကိုကြည့်ပြီး နှာခေါင်းရှုံ့ပြော လိုက်တယ်။

စံပယ်အောင်အောင်က ဝိုင်ကို တစ်ငုံမျှ စုပ်သောက်လိုက် ရင်း ...

"လုပ်စရာရှိတာကို ဖုန်းလေးတစ်ချက်ဆက်ပြီး

အားလုံးစီစဉ်ပြီးသွားပြီ ဒေါ်လေးရဲ့

... ဟင်း ဟင်း ဟင်း"

လို့ ပြောလိုက်ချိန်မှာပဲ ခြံဝက ကားဟွန်းသံ ကြားလိုက် ရတယ်။

"ကဲ ... ဒေါ်လှမေ ... ခြံတံခါးဖွင့်ပေးပြီး

သူတို့ကို ဒီခေါ်လာလိုက်ပါ"

"နင် ဘာတွေလုပ်နေတာလဲ၊ ငါ နားလည်အောင်



ပြောစမ်းပါ"

ဒေါ်ဝင်းမြိုင်က နားမလည်နိုင်စွာ မေးလိုက်တဲ့အခါ...

"ဟောဒီအလောင်းက သူ့ဟာသူ ကိုယ်ဝန်ပျက်

ကျပြီး သေဆုံးတဲ့အလောင်းပါ၊

ဒီလိုအလောင်းမျိုးကို ကျွန်မက သိက္ခာထပ်

အကျခံပြီး ကိုယ်တိုင်သင်္ဂြိုဟ်ပေးရမှာလားရှင့်၊

ဝေးပါသေးတယ် ... ဒါ့ကြောင့် ငွေဆယ်သိန်း

အကုန်ခံပြီး ကိုယ်မလုပ်နိုင်တာ

သူများလုပ်ခိုင်းလိုက်တာပဲ ... ရှင်းတယ်နော် ဒေါ်လေး"

ဒီအချိန်မှာပဲ ဒေါ်လှမေနဲ့အတူ လူလေးယောက် ပါလာ တယ်။

ထိုလူတွေက မိုးမိုးရဲ့အလောင်းကို စောင်နဲ့ပတ်ပြီး အိပ်ရာကို သန့်ရှင်းရေးပြန်လုပ်ကြတယ်။

စံပယ်အောင်အောင်က ဒေါ်လှမေကို ပိုက်ဆံအိတ်သွား ယူခိုင်းပြီး ထိုလူတွေကို ငွေရှင်းပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပြီးစီးသွားတဲ့အခါ ဒေါ်လှမေက ...

"ဆ ... ဆရာကတော် ... ကျွန် ... ကျွန်မ ဒီည

ဘယ်မှာအိပ်ရမှာလဲ၊ ဒီအခန်းမှာတော့ မအိပ်ရဲဘူးနော်"

လို့ ကြောက်လန့်တကြီး ပြောလိုက်တဲ့အခါ ဒေါ်ဝင်း

မြိုင်က ...

"လှမေရယ် ... ညည်းလည်း အသက်ဖြင့်

ငါးဆယ်နားကပ်နေပြီ လူဟာ သေရင် ပြီးပြီပဲ ...

ကြောက်မနေစမ်းပါနဲ့၊

ကဲပါအေ ... ဒီတစ်ညတော့ ငါ့အခန်းပဲ လာအိပ်လိုက်၊

မိုးတောင်လင်းတော့မယ်"

စံပယ်အောင်အောင်က ဒေါ်လှမေကိုကြည့်ပြီး ...

"တချို့လူတွေက လူသေရင်

ကြောက်လန့်တတ်ကြတယ်၊

ဒေါ်လှမေရဲ့ခံစားချက်ကို ကျွန်မ နားလည်ပါတယ်၊

ဒါ့ကြောင့် ... ဒီအခန်းမှာ



ဘယ်တော့မှ အိပ်စရာမလိုတော့ဘူး၊

လှေကားအောက်က သေးခန်း ပြောင်းနေပါ၊

ဟင်း ... ဒီညတော့ အိပ်လို့ကောင်းပြီပဲ၊

ကဲ ... အားလုံး ရွတ်နိုက်ပါ"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

## နောက်တစ်နေ့ နေ့လယ် ...

စံပယ်အောင်အောင်တစ်ယောက် အလုပ်ပြန်ဆင်းတဲ့အတွက် အိမ်မှာ ဒေါ်လှမေနဲ့ဒေါ်ဝင်းမြိုင်ပဲ ကျန်ရစ်တယ်။

ဒေါ်လှမေတစ်ယောက် မီးဖိုခန်းထဲ ပန်းကန်ဆေးရင်း သော့ခတ်ပိတ်ထားတဲ့ အိမ်ဖော်ခန်းကို လှည့်ကြည့်လှည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမိတယ်။

မနေ့ညက ထိုအခန်းမှာ မိုးမိုးသေဆုံးခဲ့သည် မဟုတ်ပါလား။

သူမရဲ့ သနားစဖွယ် အော်ဟစ်ငိုညည်းသံတွေက နားထဲ ခုထိ ကြားယောင်မိတုန်း။

မိုးမိုးအကြောင်း စဉ်းစားနေစဉ်မှာပဲ နောက်က လူရိပ်တစ်ခု မြင်လိုက်ရတယ်။

ဒါ့ကြောင့် သူမဟာ ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။

"အောင်မလေးတော့်"

'ခွမ်း ... ဂလွမ်း'

"ဟဲ့ ... ဟဲ့ ... ကုန်ပါပြီအေ၊

လုမေ ... ညည်း နမော်နမဲ့နိုင်လှချေလား၊

ဒီကြွေပန်းကန်က ငါ့အစ်မ ရှိစဉ်တည်းကဟဲ့"

ဒေါ်လှမေဟာ ကပျာကယာနဲ့ ...

"တောင်းပန်ပါတယ် ဒေါ်ကြီးရယ်၊



ကျွန်မ အတွေးလွန်ပြီး လွတ်ကျသွားတာပါ၊

ဒေါ်ကြီးဝင်လာတာ အရိပ်မြင်ရတော့

သရဲမှတ်ပြီး လန့်သွားတာပါ"

လို့ တောင်းပန်လိုက်တယ်။

"ဖြစ်ခဲ့တာတွေ မေ့ထားလိုက် လှမေ၊

တွေးပြီး ကြောက်မနေနဲ့တော့၊

အကွဲစတွေ သေချာသိမ်း ... ပြီးရင် ငါ့အတွက်

သံပရာရည်ဖျော်ခဲ့ ... ကြားလား"

ဒေါ်ဝင်းမြိုင်က ပြောဆိုပြီး ပြန်ထွက်သွားတယ်။

သူမဟာ ဆိုဖာဆက်တီပေါ်ထိုင်ရင်း နေ့စဉ်ထုတ်သတင်းစာ ဖတ်နေလိုက်တယ်။

'တောက် ... တောက် ... တောက် ... တောက် ...'

နားထဲ ကြားရတဲ့အသံကြောင့် သူမ မျက်မှန်ကိုပင့်ပြီး ကြည့်လိုက်တယ်။

ပြတင်းပေါက်ကနေ ကြားနေရတဲ့အတွက် သူမ ထိုနေ

www.burmeseclassic.com



ရာဆီ လျှောက်သွားတယ်။

ပြတင်းပေါက်မှာ မြင်ရတဲ့အရာတစ်ခု။

တတောက်တောက်အသံနဲ့အတူ ထိုအရာက လှုပ်နေတယ်။

"ဟင် ... တံခါးကို လက်သေးသေးလေးတစ်ခု

ခေါက်နေပါလား၊ အရေးထဲ အဝေးကြည့်မျက်မှန်က

အခန်းထဲ ကျန်ခဲ့ပြန်ပြီ၊

ကြည့်ရတာ ကြောင်တစ်ကောင်ရဲ့လက်လေးလိုပဲ၊

ခြံထဲ ကြောင်ဝင်ပြန်ပြီထင်တယ်၊ လှမေရေ ... လှမေ"

"ဟုတ် ဒေါ်ကြီး ... လာပါပြီ"

ဒေါ်လှမေက သူမအနားအမြန်ရောက်လာတယ်။

"ခြံထဲ ကြောင်ဝင်နေတယ်ဟဲ့၊

သွားမောင်းထုတ်လိုက်ဦး ... ပြတင်းပေါက်ကို၊

တတောက်တောက်ခေါက်ပြီး ဆော့နေတယ်လေ၊

ကြောင်ချေးဆို ငါ သိပ်ရွံတယ်အေ့၊



တစ်ခြံလုံး နံစော်ကုန်မှာ ... သွား သွား"

ဒေါ်လှမေလည်း ခြံထဲဆင်းပြီး ပြတင်းပေါက်နားသွားကြည့်လိုက်တယ်။

ထိုနေရာမှာ ကြောင်ကိုမတွေ့ရတဲ့အတွက် ခြံအနှံ့ ပတ်ရှာလိုက်တယ်။

ဘယ်လိုမှရှာမရတဲ့အဆုံး အိမ်ထဲပြန်ဝင်ခဲ့ပြီး ...

"ခြံထဲမှာ ဘာကြောင်မှမရှိပါဘူး ဒေါ်ကြီး" ...

ဒေါ်ဝင်းမြိုင်က မျက်မှောင်ကြုတ်ရင်း ...

"ဟဲ့ ... ခုနက ငါ သေချာမြင်လိုက်တာပဲ၊

လက်သေးသေးလေး တံခါးလာခေါက်နေတာအေ့၊

အေးလေ ... မတွေ့ရင်လည်း ပြီးတာပဲ၊

သံပရာရည်ယူလာခဲ့"

ဒေါ်လှမေတစ်ယောက် မီးဖိုခန်းထဲပြန်ဝင်ပြီး သံပရာရည်ဖျော်လိုက်တယ်။

"နေပါဦး ... ဒီခြံက အုတ်တံတိုင်းမြင့်သလို

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာလည်း ဆူးကြိုးတွေအထပ်ထပ်နဲ့၊

ကြောင်မပြောနဲ့ ... ကြွက်တောင် ဝင်လို့

မရအောင် ကာထားတာ၊

ခြံတံခါးဆိုရင်လည်း သံတံခါးက အပိတ်ကြီး၊

ဒီကြောင် ဘယ်လိုများ ရောက်လာပါလိမ့်"

အတွေးနဲ့အတူ သံပရာဖျော်ရည်ခွက်ကိုင်ပြီး အိမ်ရှေ့ထွက်ဖို့ ပြင်လိုက်တယ်။

ရုတ်တရက် သူမရဲ့အကြည့်က သော့ခတ်ထားတဲ့ အခန်းဆီ ရောက်သွားတယ်။

အစိမ်းသေ သေဆုံးခဲ့တဲ့ မိုးမိုးရဲ့အဖြစ်ကို ပြန်တွေးမိရင်း ကြက်သီးတွေ တစ်ကိုယ်လုံး သီးထသွားတယ်။

ခေါင်းထဲဝင်လာတဲ့ အတွေးတစ်ခုကြောင့် ခပ်သုတ်သုတ်ပဲ အခန်းရှေ့က ဖြတ်ခဲ့တယ်။

"လှမေ ... ညည်းကသာ ကြောင်မရှိဘူး ပြောနေ၊

ငါ တစ်ချိန်လုံး အသံကြားနေရတယ်အေ့၊



သေချာပြန်သွားရှာပါဦး ... ဟဲ့ ညည်းလက်တွေ

တုန်နေပါလား၊

နောက်ပန်းကန်တစ်လုံး ထပ်ကွဲဦးမယ်၊

ပေးစမ်းပါအေ အအေးခွက်"

ဒေါ်ဝင်းမြိုင်က ခွက်ကို လှမ်းယူပြီး မော့သောက်လိုက်တယ်။

ဒေါ်လှမေက ကြောက်လန့်ဟန်နဲ့ ...

"ကျွန် ... ကျွန်မ ကြောင်သွားမရှာရဲတော့ဘူး၊

ရှာလည်း တွေ့မှာမဟုတ်ဘူး ... သေချာတွေးပြီးပြီ၊

ဒါ ... ကြောင်မဟုတ်ဘူး ဒေါ်ကြီး"

ဒေါ်ဝင်းမြိုင်က အအေးသောက်နေရာက မျက်လုံးပင့်ကြည့်လိုက်တယ်။

"ကြောင်မဟုတ်ရင် ဘာကောင်လဲ၊

ငါ့မျက်လုံးနဲ့ကို တံခါးခေါက်နေတဲ့ ...

လက်သေးသေးလေးမြင်ရတာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲဒါ ... ဒေါ်ကြီး ... ဒေါ်ကြီး

သရဲခြောက်ခံရတာ၊ ကလေးသရဲ ..."

ဒေါ်လှမေရဲ့စကားဆုံးတော့ ဒေါ်ဝင်းမြိုင်ရဲ့"ဘာ"...ခနဲ ရေရွတ်သံနှင့်အတူ 'ခွမ်း'...ခနဲ အသံကြီးပါ ကြားလိုက်တယ်။

သံပရာရည်ခွက်လေးဟာ ကြမ်းပေါ် အစိတ်စိတ်အမြွာမြွာကွဲကြေလျက် ...

ဒေါ်လှမေက သူမရဲ့တွေးထင်ချက်ကို သေချာရှင်းပြလိုက်တယ်။

ခြိအနဲ့လိုက်ကြည့်ပြီးတဲ့အခါမှာတော့ ဒေါ်ဝင်းမြိုင်ကိုယ်တိုင် ထိုအတွေးကို လက်ခံသွားတယ်။

ဟုတ်တာပေါ့ ...။ ဒီလောက်လုံခြုံတဲ့ ခြံကြီးထဲ ဘယ်အပေါက်က ကြောင်ဝင်နိုင်မလဲ။

အတွေးနဲ့အတူ သူမတစ်ကိုယ်လုံး ကြက်သီးဖျန်းဖျန်းထသွားတော့တယ်။

❒❒❒

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယနေ့ ...

ခြောက်နာရီကျော်လောက်မှာ ဖုန်းမြည်လာတာကြောင့် စံပယ်အောင်အောင်က လက်ကိုင်ဖုန်းကို ကောက်ကိုင်လိုက်တယ်။

"မိန်းမလား ... ကိုမောင်ပါကွ၊



ဒီနေ့ ကိုယ်တို့ ရန်ကုန်ပြန်လာပြီနော်၊

မိန်းမအတွက် လက်ဆောင်တွေ အများကြီး ပါတယ်ကွ၊

မိန်းမရော နေကောင်းရဲ့လားဟင်"

ယောကျ်ားဖြစ်သူ ဦးမောင်မောင်ကျော်ရဲ့အသံကြောင့်

"အင်း ... ကောင်းပါတယ်၊

စံပယ့်ဖုန်း ဘက်ထရီကုန်တော့မယ် ကိုမောင်၊

ဒီနေ့ ပြန်လာမှာမဟုတ်လား ... ဒါပဲနော် ... ဆီးယူ"

သူမ လိုရင်းပြောပြီး ဖုန်းချပစ်လိုက်တယ်။

"စောစောစီးစီး ဒင်းအသံကြားရတာ

အိပ်ချင်စိတ်တောင် ပျောက်သွားပြီ၊

လာစမ်းပါ ... ရှင်နဲ့ကျွန်မ

စာရင်းရှင်းကြသေးတာပေါ့လေ၊

သစ္စာမရှိတဲ့ယောကျ်ားယုတ် ... တောက်"

သူမ မကျေနပ်ရေရွတ်ရင်း အိပ်မရတော့တဲ့အတွက် ရေချိုးဖို့ ပြင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးဇလုံက ရေဘားဖွင့်ပြီး ရေဖြည့်လိုက်တယ်။

ပြီးတော့ ရေချိုးဇလုံထဲဝင်ပြီး ရေစိမ်နေလိုက်တယ်။

"ဟင်း … အသက်ကြီးမှ ရမ္မက်ကြီးတဲ့လူကြီး၊
ပြန်ရောက်လာလို့ကတော့ အိမ်ပေါ်ကနေ
ခေါင်းနဲ့ဆင်းခိုင်းပစ်မယ်၊
ငါ့အရိပ်နေပြီး အိမ်ဖော်နဲ့ ဖောက်ပြန်တဲ့ကောင်၊
စံပယ်အောင်အောင်တို့က ချစ်ရင်လည်း သေမတတ်၊
မုန်းတီးနာကြည်းပြီဆိုရင်လည်း ဒီဘဝမပြောနဲ့
ဆယ်ဘဝ လုံးဝခွင့်မလွှတ်နိုင်ဘူး"

သူမဟာ ဦးမောင်မောင်ကျော်ရဲ့အကြောင်းတွေးရင်း ဒေါသတွေ ဆူပွက်လာတယ်။

"အဲ့ … အဲ … အဲ … အဲ"

ရုတ်တရက် ကြားလိုက်တဲ့အသံကြောင့် သူမ မျက်စိဖွင့်ကြည့်လိုက်တယ်။ သူ့လို သားဖွားပရော်ဖက်ဆာကြီးက ဦး အသံ ကောင်းကောင်းသိတာပေါ့။



သူမဟာ ရေချိုးခန်းအနှံ့ မျက်လုံးဝေ့ကြည့်မိတယ်။

"ဒါ မွေးကင်းစကလေးငိုသံပဲ၊
ဘယ်လိုဖြစ်ပြီး ငါ့ရေချိုးခန်းမှာ ကြားရပါလိမ့်၊
ငါပဲ နားကြားလွဲရော့သလား"

အသံက တိုးလျှရာကနေ တဖြည်းဖြည်း ကျယ်လောင်လာတယ်။ ဒါကြောင့် သူမဟာ ရေပန်းနဲ့ရေချိုးလိုက်ပြီး အပြင်ထွက်လိုက်တယ်။

အိပ်ခန်းထဲလှည့်ပြီး အသံကို ရှာဖွေလိုက်တယ်။

"အဲ့ … အဲ … အဲ … အဲ …"

ဘယ်ကလာမှန်းမသိတဲ့အသံကြောင့် သူမက …

"မဟုတ်သေးပါဘူး … ငါ့အိမ်မှာ ဘယ်လိုလုပ်
ဒီလိုအသံမျိုး ကြားနိုင်မှာလဲ၊
ငါ စိတ်ထင်တာပဲ ဖြစ်မှာပါ"

အတွေးနဲ့အတူ သူမ အိမ်မှာလည်း မနေချင်တာနဲ့ ဆေးရုံကို ထွက်ခဲ့လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ရဲ့ နေ့လယ်ခင်းအချိန် ...

တောင်တက်တောင်ဆင်းလမ်းမအထက် ခုနစ်ယောက်စီး ကားအဖြူကြီးတစ်စီးဟာ တရွေ့ရွေ့ တောင်ဆင်းလမ်းအတိုင်း ဆင်းလာတယ်။

ကားထဲက သီချင်းသံတွေနဲ့အတူ ဦးမောင်မောင်ကျော်တို့လူတစ်စုရဲ့ သောက်စားမူးရူးနေတဲ့ စကားသံတွေက ဆူညံနေတယ်။

ကားမောင်းနေတဲ့ အောင်ဇီပွင့်က ...

"ဒီတစ်ခေါက် ပြန်လာတာ သူငယ်ချင်းတွေစုံလို့လား မသိဘူး ... သိပ်ပျော်ဖို့ကောင်းတယ်ကွာ၊

ငါတော့ ဆုံးဖြတ်လိုက်ပြီကွ ... တစ်နှစ်တစ်ခါ

မြန်မာပြည် ပြန်လာဖို့ ဆုံးဖြတ်လိုက်ပြီ"

လို့ လှမ်းပြောလိုက်တဲ့အခါ ဦးမောင်မောင်ကျော်တို့ရင်ခွင်ထဲက ကောင်မလေးတွေက ...

"ဟွန်းနော် ... ကိုကြီးပွင့်တို့များ



သူများတို့ပါလို့ ပျော်တာမဟုတ်ဘူးပေါ့၊

နောက်ဆို ကိုကြီးတို့နဲ့ လိုက်တော့ဘူး"

လို့ နှုတ်ခမ်းစူပြီး ပြောလိုက်တယ်။

ကောင်မလေးရဲ့ချစ်စဖွယ်အမူအရာကြောင့် ကားပေါ်ရှိ ယောကျ်ားအားလုံး သဘောကျပြီး တဟားဟားရယ်မောလိုက်တယ်။ ထိုအခိုက်မှာပဲ ဦးမောင်မောင်ကျော်က ...

"ဟေ့ကောင် ကားရပ်ပေးဦးကွ၊

မနက်က စားထားတဲ့ ပုစွန်ကင်တွေ မလတ်လို့လား

မသိဘူး ... ငါ့ဗိုက်ထဲ ရစ်နေပြီ၊

ရပ် ... ရပ် ... မရတော့ဘူး"

"တောင်တက်ကြီးကွ ... ဆင်းမှ ရပ်ပေးမယ်ကွာ"

"အာ ... မရတော့ဘူးကွ ... ထွက်ကျတော့မှာ၊

ဘာမှမဖြစ်ဘူး ... ရပ်လိုက်စမ်းပါကွ"

အောင်ဇီပွင့်က ကားကို တောင်ထိပ်မှာ ရပ်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်ကျော်က ကားပေါ်က အလျင်အမြန် ဆင်းလိုက်တယ်။

"ဟော့ကောင် ... ဈေးထွက်တာတောင်
ဘီယာဘူး ကိုင်သွားရလား၊
ကြည့်သွားနော် ... ချောက်နက်တယ်ကွ"

သူငယ်ချင်းတစ်ယောက်က လှမ်းသတိပေးလိုက်တယ်။

ဦးမောင်မောင်ကျော်တစ်ယောက် ချောက်ကမ်းပါးရဲ့ စောင်းအတိုင်း သတိထားဆင်းပြီး ချုံတိုးလိုက်တယ်။

သူ့ကိုစွပြီးသွားတဲ့အခါ လက်ကျန်ဘီယာကို မော့ချ လိုက်တယ်။ ဒီအချိန်မှာပဲ လေက ခပ်ပြင်းပြင်းလေး တိုက်ခတ် သွားတယ်။

"ဦးမောင် ... ဦးမောင်ရေ ... ဦးမောင်"

သူ့နားထဲ စွဲလမ်းမက်မောခဲ့ရတဲ့ အသံချိုချိုလေး။

သူဟာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း ရှာဖွေ လိုက်တယ်။



"ဟင်း ... ဟင်း ... ဟင်း ... ဟင်း ...
မိုးကိုရှာနေတာလား ဦးမောင်ရဲ့၊
မိုးက ဒီမှာလေ ... ဒီမှာပါရှင့်"

နားနားကပ်ပြောလိုက်သလို အသံကြောင့် သူဟာ နောက်ကို ဆတ်ခနဲလှည့်ကြည့်လိုက်တယ်။

"ဟင် ... မိုး ... မိုးလေး ...
ဒီ ... ဒီနေရာကို ဘယ်လိုများရောက်လာတာလဲ"

"ဦးမောင်ကို တွေ့ချင်လို့ လိုက်လာတာပေါ့ရှင်၊
ဦးမောင်က သိပ်တတ်နိုင်တာပဲနော်၊
မယားကြီးနဲ့ မိုးကိုပစ်ထားပြီး ...
အသစ်လေးတွေနဲ့ ပျော်နေတာပေါ့လေ၊
မိုးဖြင့် ဦးမောင်ကြောင့် ဘာတွေဖြစ်နေလဲ ...
ခံစားနေရသလဲဆိုတာ သိရဲ့လားရှင်"

"ဟင် ... မိုး ... မိုးလေးက ဘာတွေဖြစ်နေလို့လဲ၊
အိမ်မှာ အဆင်မပြေဘူးလားလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း ဟင်း ...

မေးရက်လိုက်တာ ဦးမောင်ရယ်၊

ဦးမောင်ရဲ့မိန်းမ စာနာစိတ်မရှိလို့

ကျွန်မ သေဆုံးခဲ့ရတယ်၊

ဒါတွေအားလုံးဟာ ရှင့်ကြောင့်၊

ရှင့်ကို ချမ်းသာပေးမယ်များ ထင်နေသလားဟင်"

"ဘာ ... မိုး သေပြီ ... ဟုတ်လား

ဟား ... မနောက်စမ်းပါနဲ့ မိုးလေးရာ၊

ဦးမောင် ဘီယာအရှိန်မတက်သေးပါဘူး၊

ဘာလဲ ... ဦးမောင်က ငွေဆောင်မှာကြာနေလို့

မိုးလေးက စိတ်ဆိုးနေတာလားကွ"

"ကျွန်မမျက်နှာကို သေချာကြည့်ပါဦးရှင် ...

ရှင်သိပ်ချစ်တဲ့မိုးလေးရဲ့ မျက်နှာကိုကြည့်ပါဦး"

ဦးမောင်မောင်ကျော်က ကြောင်အမ်းအမ်းနဲ့ သူမမျက်နှာကို ကြည့်နေတယ်။



ရက်ခြည်းဆိုသလို သူမရဲ့မျက်နှာမှာ သွေးကြောရာကြီးတွေ တဖြည်းဖြည်းပေါ်လာပြီး သူမတစ်ကိုယ်လုံး သွေးတွေ ခြင်းခြင်းနီသွားတယ်။

ထင်မှတ်မထားတဲ့အဖြစ်ကြောင့် ဦးမောင်မောင်ကျော်ဟာ တအားလန့်ပြီး နောက်ကို ယောင်ယမ်းဆုတ်လိုက်မိတယ်။

"ဟင်း ဟင်း ဟင်း ဟင်း ဟင်း

ရှင်က ကျွန်မတို့သားအမိအတွက် လိုအပ်တယ်၊

မကြာခင် ဘယ်တော့မှမခွဲဘဲ အတူပြန်ဆုံကြတာပေါ့၊

ဟား ဟား ဟား ဟား ဟား"

ထိုအသံနှင့်အတူ ဦးမောင်မောင်ကျော်တစ်ယောက် နောက်ဆုံးကြားလိုက်ရတဲ့အသံက ...

"အဲ့ ... အဲ ... အဲ ... အဲ ... အဲ ..."

ထိုအချိန် ... အော်ဇီပွဲ့တို့ကားပေါ်မှာတော့ ...

"ဟိုကောင် ချေးပါတာ ကြာလှပါလား၊

ထင်ကြီး ... မင်းလိုက်ကြည့်စမ်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



ထင်ကြီးက ကားပေါ်ကဆင်းပြီး သူငယ်ချင်းဖြစ်သူ သွားတဲ့ တောင်စောင်းအတိုင်း လိုက်ဆင်းသွားတယ်။

"အာ ... ဒီကောင် ဘယ်ရောက်နေတာလဲကွာ"

ထင်ကြီးဟာ ချောက်ကမ်းပါးစပ်မှာကျနေတဲ့ ဘီယာဘူးကို မြင်သွားတယ်။

ဒါကြောင့် အမှတ်မထင် တောင်အောက်ကိုကြည့်လိုက်တဲ့အခါ သွေးအိုင်ထဲ ကားယားကြီးသေဆုံးနေတဲ့ ဦးမောင်မောင်ကျော်ကို ထိတ်လန့်စွာ မြင်တွေ့လိုက်ရတယ်။

❒❒❒

# အပိုင်း (၁၈)

www.burmeseclassic.com

www.burmeseclassic.com

## ထိုနေ့ညနေစောင်းအချိန် ...

ဒေါ်စံပယ်အောင်အောင်တစ်ယောက် ဆေးရုံကနေအိမ်ကို တန်းပြန်ခဲ့တယ်။

လမ်းမှာ ကားကြောကျပ်တဲ့အတွက် စီဒီချပ်ကိုထိုးပြီး သီချင်းနားထောင်လိုက်တယ်။



"အဲ့ ... အဲ့ ... အဲ့ ... အဲ့ ... အဲ့ ..."

စပီကာထဲက ထွက်ပေါ်လာတဲ့ မွေးကင်းစကလေးငိုသံကြောင့် သူမ မျက်မှောင်ကြုတ်သွားပြီး ...

"ငါထည့်တဲ့အခွေက ထိုင်းမြူးဇစ်ပါ၊

ဘယ်လိုဖြစ်ပြီး ကလေးငိုသံ ထွက်လာရတာလဲ၊

ငါ ဒီတစ်နေ့လုံး ဘာတွေဖြစ်နေပါလိမ့်၊

နေရာတိုင်း ကလေးငိုသံပဲ ကြားနေတယ်၊

မောင်မောင်ကျော်ကိစ္စနဲ့ ငါ့စိတ်တွေ၊

ယောက်ယက်ခတ်ကုန်ပြီထင်တယ်၊

မဖြစ်ဘူး ... ဒီနားရက်မှာ ငါ့သူငယ်ချင်း၊

စိတ်ရောဂါပါရဂူနဲ့ သွားဆွေးနွေးမှဖြစ်မယ် ... ဟင်း"

သူမ စီဒီကိုပိတ်ပြီး ကားကိုဆက်မောင်းလာလိုက်တယ်။

အိမ်လမ်းထဲ ကားကွေ့လိုက်တော့ လက်ကိုင်ဖုန်းက အသံမြည်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ပြောပါ"

စံပယ်လား ... ငါ ငပွင့်ပါ၊

နင့်ယောကျ်ား အပြန်လမ်းမှာ ချောက်ထဲကျလို့ဆုံးပြီ၊

ငါတို့လည်း အတတ်နိုင်ဆုံး ကြိုးစားပါတယ်၊

အခု ပုသိမ်ကို လှမ်းပြီး ဆေးရုံကားခေါ်ထားတယ်၊

အလောင်းကို ရန်ကုန်ပြန်သယ်ခဲ့မယ်၊

နင့်ကို လှမ်းပြီးအသိပေးတာပါ"

အော်ဇီပွင့်က စိတ်လှုပ်ရှားနေတဲ့အသံကြီးနဲ့ ပြောပြီး ဖုန်းချသွားတယ်။

စံပယ်အောင်အောင်က ကားကို လမ်းဘေးထိုးရပ်လိုက်တယ်။

မထင်မှတ်ဘဲကြားလိုက်ရတဲ့ သတင်းဆိုးကြောင့် သူမ ရင်ခုန်နှုန်း မြန်နေတာအမှန်။

မောင်မောင်ကျော် ဆုံးပြီဆိုပါလား။

သူမ ကားရပ်ပြီး အကြာကြီးငြိမ်သက်မိပေမယ့် ဒါဟာ



အိမ်ထောင်ရေးဖောက်ပြန်တဲ့ မောင်မောင်ကျော်အတွက် ဝမ်းနည်းခြင်းမဟုတ်တာ သေချာတယ်။

သူမမျက်ဝန်းမှာ မျက်ရည်မရှိသလို ... စိတ်တွေက တဖြည်းဖြည်းငြိမ်သက်သွားတယ်။

ဒါကြောင့် ကားကို ပုံမှန်လေးမောင်းပြီး ခြံဝရောက်တော့ ဟွန်းတီးလိုက်တယ်။

လူမှုရေးဖောက်ပြန်တဲ့ ယောကျ်ားတစ်ယောက် သူ့ဓာတ် သူသိမ်းသွားပြီမဟုတ်ပါလား။

ဒါပေမဲ့ ... ဒင်းကိုလက်စားမချေလိုက်ရတာ ရင်ထဲနာ နေမိတယ်။

ကားဟွန်းတီးလိုက်တော့ ဒေါ်လှမေက ခြံတံခါးလာဖွင့် ပေးတယ်။

ကားကို ဆင်ဝင်အောက်ရောက်အောင် မောင်းဝင်လိုက် တယ်။

အိမ်ထဲကနေ ဒေါ်ဝင်းမြိုင်တစ်ယောက် မျက်လုံးမျက်

www.burmeseclassic.com

www.burmeseclassic.com



ဆန်ပြုးကြီးနဲ့ ပြေးထွက်လာပြီး ...

"ငါ ... ငါ ... ဒီမှာမနေတော့ဘူး မိစံပယ်၊

ပြင်ဦးလွင်အိမ် သွားနေတော့မယ်"

သူမက အိမ်ထဲဝင်လိုက်ရင်း ...

"ဘယ်လိုဖြစ်ရတာလဲ ... ဒေါ်လေး၊

ဒီမှာနေရတာ အဆင်ပြေသားနဲ့"

လက်ကိုင်အိတ်ကို ဆိုဖာပေါ်ပစ်တင်ပြီး ဝင်ထိုင်လိုက်တယ်။

"အရင်က ပြေတယ် ... ခု မပြေတော့ဘူးအေ့၊

ငါနဲ့လှမေတို့ ဒီနေ့တစ်နေ့လုံး သရဲခြောက်ခံရတယ်"

"ဘယ်လို ... သရဲခြောက်တယ် ... ဟုတ်လား၊

အဓိပ္ပါယ်မရှိတာ ဒေါ်လေးရာ"

ထိုအခိုက်မှာပဲ ဒေါ်လှမေက အနားရောက်လာပြီး ...

"ဟုတ်ပါတယ် ဆရာကတော်၊

ကျွန်မလည်း ဒေါ်ကြီးလိုပဲ ဒီအိမ်ကြီးမှာ



ဆက်မနေရဲတော့ဘူး၊

ရတဲ့ကားလက်မှတ်နဲ့ ဒီညပဲ ပြန်တော့မှာ၊

ဒေါ်ကြီးလည်း ပြင်ဦးလွင်သွားဖို့ ဒီညကားကို

ဘွတ်ကင်တင်ထားပြီးပြီလေ"

ဒေါ်စံပယ်အောင်အောင်တစ်ယောက် အဒေါ်ဖြစ်သူနဲ့ အိမ်ဖော်ကြီးဒေါ်လှမေကိုကြည့်ပြီး စိတ်ညစ်သွားတယ်။

"မနေချင်လို့သွားတာ ဘာမှမဖြစ်ဘူး၊

ဒါပေမဲ့ ... တခြားတော့ အကြောင်းမပြကြပါနဲ့"

"အကြောင်းပြတာမဟုတ်ဘူး မိစံပယ်၊

နင်လည်း ဒီအိမ်ကြီးမှာ မနေသင့်တော့ဘူး၊

ငါတို့ပြောတာ ယုံပါ"

ဒေါ်စံပယ်အောင်အောင်က သူ့စကားကို ဟားတိုက်ရယ်မောလိုက်တယ်။

"ဒေါ်လေးတို့က သိပ်အယူသီးနေပြီ၊

လောကမှာ ရောဂါကြောင့်သေတဲ့မသာပဲ ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သရဲအခြောက်ခံရလို့ သေတဲ့မသာ မရှိဘူးရှင့်

... ဟား ဟား ဟား ဟား"

သူမရဲ့ လှောင်ပြောင်မှုကြောင့် ဒေါ်ဝင်းမြိုင်မျက်နှာ
တင်းမာသွားတယ်။

"အေးပေါ့လေ ... ညည်းက ပညာတတ်ပါရဂူမကြီး
ဆိုတော့ ငါတို့ပြောတာ ဘယ်လက်ခံပါ့မလဲအေ၊
ခေတ်ပညာသိပ်တတ်တဲ့လူတချို့ဟာ ဒီလိုကိစ္စမျိုး
လက်မခံနိုင်တာ မထူးဆန်းပါဘူး၊
လှမေ ... ညည်းလည်း ပြန်မှာမဟုတ်လား၊
အိတ်တွေသွားယူခဲ့ ... ငါတို့ သွားကြမယ်၊
ဒါပေမဲ့ မိစံပယ် ... ညည်းကို သတိပေးခဲ့မယ်၊
အစိမ်းသေ မိုးမိုးရဲ့ဝိညာဉ်နဲ့ကလေးဟာ
နင့်ကို လက်တုံ့ပြန်ကြလိမ့်မယ်၊
အဲဒါ ... ဒီနေ့ညပဲ ... ညည်းအတွက် ငါ
စာတစ်စောင်ရေးပေးထားတယ်၊



ဒီည ဆယ့်နှစ်နာရီမထိုးခင် ဖတ်ကြည့်လိုက်ပါ"

ဒေါ်ဝင်းမြိုင်က ထိုသို့ပြောပြီး စာရွက်ခေါက်တစ်ခုကို
စားပွဲပေါ် ပစ်တင်လိုက်တယ်။

"မဟုတ်တာတွေ ... ကျွန်မ ဘာမှအယုံအကြည်မရှိဘူး၊
လက်မခံဘူး၊ ဒေါ်လေးတို့က အိမ်မှာလူသေတာမြင်ပြီး၊
သွေးပျက်နေကြတာ၊ ဘာလဲ ... ညဆယ့်နှစ်နာရီ၊
ဟုတ်လား ... မအိပ်ဘဲကို စောင့်လိုက်ဦးမယ်၊
မနေချင်တဲ့လူကို မတားဘူး ... သွားကြပါ"

ဒီနောက်မှာတော့ ဒေါ်ဝင်းမြိုင်နဲ့ဒေါ်လှမေတို့ဟာ
ခေါင်းမာလွန်းတဲ့ စံပယ်အောင်အောင်ကို ဘာတစ်ခွန်းမှမပြော
တော့ဘဲ ထိုအိမ်ကြီးကနေ ထွက်သွားကြတော့တယ်။

စံပယ်အောင်အောင်တစ်ယောက် အဝတ်အစားလဲပြီး
အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်တယ်။

"လူတွေက ကြံဖန်ကြောက်နေကြတယ်၊
ဆေးရုံမှာဆို ဘယ်လိုလုပ်မလဲ၊

www.burmeseclassic.com

www.burmeseclassic.com



မီးဖွားရင်းသေတဲ့ မိန်းမတွေ တစ်ပုံကြီး၊

သူတို့သာ အစိမ်းသေဘဝနဲ့ခြောက်လှန့်ရင်၊

ဘယ်ဆရာဝန်၊ သူနာပြုမှ ရှိတော့မှာမဟုတ်ဘူး"

သူမဟာ နှုတ်က ရေရွတ်ပြီး ဝိုင်တစ်ခွက် ငှဲ့သောက်လိုက်တယ်။

ဝိုင်သောက်ရင်း အဒေါ်ဖြစ်သူပေးခဲ့တဲ့ စာရွက်ခေါက်လေးကိုမြင်ပြီး အပျင်းပြေဖတ်ကြည့်လိုက်တယ်။

❒❒❒

# အပိုင်း (၁၉)

www.burmeseclassic.com

www.burmeseclassic.com

"လှမေရေ . . . ငါ သွေးတိုးသလိုဖြစ်နေလို့

အောက်မှာ အလုပ်ပြီးရင် လာခဲ့ဦးဟေ့"

ဒေါ်ဝင်းမြိုင်က လှမ်းအော်ပြောလိုက်တယ်။

ဒေါ်လှမေလည်း တံမြက်စည်းလှည်းပြီးတော့ လက်

ဆေးပြီး မီးဖိုခန်းက ထွက်ဖို့ ပြင်လိုက်တယ်။



မီးဖိုခန်းနဲ့ကပ်လျက်ရှိတဲ့ အိမ်ဖော်ခန်းရှေ့ရောက်တော့ သူမ အခန်းတံခါးကို သတိပြုမိသွားတယ်။

"ဟင် ... သော့ခတ်ထားတဲ့အခန်းက၊ သော့ကြီးပွင့်နေပါလား၊ မဖြစ်ဘူး ဒေါ်ကြီးကိုပြောမှ"

သူမ အိမ်ပေါ်ထပ်ပြေးတက်ပြီး ဒေါ်ဝင်းမြိုင်ကိုပြောလိုက်တယ်။

"ဟဲ့ ... အဲဒီသော့က စံပယ်ကိုယ်တိုင်ခတ်ထားတာပဲ ငါတော့ မဖွင့်ဘူး၊ သူခိုးများ အိမ်ထဲဝင်နေရော့သလား၊ လာ လာ ... သွားကြည့်ရအောင်အေ"

နှစ်ယောက်သား တွေ့ရာလက်နက်ဆွဲပြီး အောက်ထပ်ဆင်းခဲ့တယ်။

အခန်းဝရောက်တော့ တံခါးက တစ်ထွာလောက်ဟနေတယ်။ ဒေါ်လှမေက လေသံတိုးတိုးနဲ့ ...

"ခုနက သော့ပဲပွင့်နေတာ ... အခု တံခါးပွင့်နေတော့ လူဝင်နေတာ သေချာပြီ၊ သတိနဲ့ဝင်နော် ဒေါ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းတို့ဟာ တံခါးကနေ အသာလေးအထဲဝင်လိုက်တယ်။

သူတို့ အထဲရောက်တာနဲ့တစ်ပြိုင်နက် တံခါးက ဒုန်းခနဲ ဆောင့်ပိတ်သွားတယ်။

"အမယ်လေး ... မြတ်စွာဘုရား"

ဒေါ်ဝင်းမြိုင်ရဲ့လန့်အော်သံနှင့်အတူ ဒေါ်လှမေက ...

"ဒေါ် ... ဒေါ်ကြီး ... ဒါ လူဝင်တာမဟုတ်ဘူး၊ ကျွန်မတို့ သရဲအခြောက်ခံရပြီ"

လို့ မျက်နှာငယ်နဲ့ ပြောလိုက်တယ်။

ဒီအချိန်မှာပဲ ...

"ဟင်း ဟင်း ဟင်း ဟင်း ဟင်း"ဆိုတဲ့ အသံနဲ့အတူ

"အဲ့ ... အဲ့ ... အဲ့ ... အဲ့ ..." ဆိုတဲ့ အသံကြီးပါ ကြားလိုက်ရတယ်။ နှစ်ယောက်သား ခေါင်းမွေးထောင်သွားပြီး ကြည့်လိုက်တော့ အိပ်ရာပေါ်မှာ သွေးအလိမ်းလိမ်း ... ကြောက်မက်ဖွယ် ရုပ်အဆင်းနဲ့ထိုင်နေတဲ့ အစိမ်းသေ မိုးမိုးကို တွေ့ရတယ်။



အစိမ်းသရဲမရဲ့လက်မှာတော့ မွေးကင်းစကလေးငယ်ကို ပွေ့ပိုက်ထားတယ်။

ဒေါ်ဝင်းမြိုင်တို့ဟာ ထိုမြင်ကွင်းကြောင့် ငယ်ထိပ်သွေးဆောင့်မတတ် တုန်လှုပ်သွားတယ်။

"အမယ်လေးတော့် ... ကယ်ကြပါဦး"

"သိပ်ကြောက်နေကြသလား ... ဟား ဟား၊ နင်တို့ရဲ့လိပ်ပြာကို ခုချိန်မှာ ငါနုတ်လို့ရတာ သိသလား"

အစိမ်းသရဲမရဲ့အသံကြောင့် ဒေါ်ဝင်းမြိုင်က ကတုန်ကယင်နဲ့ ...

"သိ ... သိပါတယ် မိုးမိုးရယ်၊ ငါ ... ငါတို့ကို အသက်မနုတ်ပါနဲ့နော်၊ ကြောက်လွန်းလို့ပါဟယ် ... နင် ... နင့်ကို ငါတို့နှစ်ယောက် ဘာမှမ ...မလုပ်ခဲ့ပါဘူး၊ မ ... မသတ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



လို့ပြောရင်း သေးပါထွက်ကျကုန်တယ်။

"ဟား ဟား ဟား ဟား ...

ငါဟာ မသေသင့်ဘဲ သေဆုံးခဲ့ရတယ်၊

ဒီကိစ္စမှာ နင်တို့က ကြံရာပါပဲ၊

အေး ... မသေချင်ရင် နေ့မကူးခင်

ဒီကနေ ထွက်သွားကြ၊ ငါ့ရဲ့အမုန်းတရားအတွက်

ဒီညသန်းခေါင်ယံမှာ စံပယ်အောင်အောင်ဆိုတဲ့

မိန်းမကို ငါ ကောင်းကောင်းကြီး လက်စားချေမယ်၊

ငါပြောတဲ့အတိုင်း ဒင်းကိုပြောလိုက်၊

ငါနဲ့ငါ့ကလေး အသက်နှစ်ချောင်းအတွက်

ဒင်းတို့လင်မယားရဲ့အသက်ကို ငါပြန်ယူမယ် ...

ဟား ဟား ဟား ဟား"

❒❒❒

# အပိုင်း (၂၀)

www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်ခံ့ပယ်ဧအောင်ဧအောင်တစ်ယောက်

အဒေါ်ဖြစ်သူ ရေးခဲ့တဲ့စာကိုဖတ်ပြီး မဲ့ပြုံးပြုံးလိုက်တယ်။

"ဟင်း ဟင်း ဟင်း ... သူတို့စာဖတ်ရတာ ရယ်ဖို့ကောင်းလိုက်တာ၊ စာထဲမှာပါတဲ့ ငါတို့ လင်မယားရဲ့အသက်ကို ပြန်ယူမယ်ဆိုတာတော့



ထူးဆန်းနေတယ်၊ မောင်မောင်ကျော်သေဆုံးတာ ဒေါ်ဝင်းမြိုင်တို့မှ မသိခဲ့ဘဲ၊ အို ဘာပဲဖြစ်ဖြစ် ... ငါမယုံဘူး၊ သွားစမ်းပါ အရေမရတဲ့ဟာတွေ"

သူမ စာရွက်ကိုလုံးချေပြီး လွှင့်ပစ်လိုက်တယ်။

သူမဟာ ဝိုင်ပုလင်းကိုဆွဲယူပြီး တစ်ရှိန်ထိုးမော့သောက်လိုက်တယ်။

ခုချိန်မှာ သူမရဲ့အနား ဘယ်သူမှမရှိတော့ဘူး။

ဒါတွေကိုတွေးရင်း မောင်မောင်ကျော်ကို သိပ်စိတ်နာတယ်။

ဆေးရုံနဲ့အိမ်မဲ ဘဝလို့ထင်ပြီး အေးချမ်းနေတဲ့ သူမဘဝမှာ ... မောင်မောင်ကျော်ရဲ့ ဖောက်ပြန်မှုကြောင့် အားလုံး ပြောင်းလဲသွားပြီ။

သူမ ထိုအဖြစ်ကိုတွေးရင်း ဝိုင်ကို ပုလင်းဝက်လောက် အောင် သောက်လိုက်မိတယ်။

'ချောက် ... ချောက် ... ချောက် ... ချောက်'

www.burmeseclassic.com

www.burmeseclassic.com



စားပွဲတင်နာရီလေးရဲ့ လက်တံက တရွေ့ရွေ့ပြေးနေတယ်။

အိမ်ကြီးရဲ့အပြင်မှာ မိုးပေါက်လေးတွေ ပေါက်ပေါက်ကျနေပြီ။ မိုးပေါက်လေးတွေကနေ လေနဲ့အတူ မိုးပါ သည်းလာတယ်။

ဝိုင်သောက်ထားတဲ့အရှိန်နဲ့ အိပ်ပျော်နေတဲ့ ဒေါ်စံပယ်အောင်အောင်တစ်ယောက် အပူပင်ကင်းစွာ အိပ်မောကျနေဆဲ...

ကောင်းကင်ကြီးတစ်ခုလုံး မိုးသားတွေမည်းတက်လာသလို ညဉ့်ငှက်တွေဟာ အသံပေးပြီး အုပ်စုဖွဲ့ပျံသန်းနေကြတယ်။

တဖျပ်ဖျပ်လက်နေတဲ့ လျှပ်စီးတွေနဲ့အတူ မိုးက အငြိုးနဲ့ တအုန်းအုန်းရွာချနေပြီ။

"ဂျိမ်း ..."ခနဲ မြည်လိုက်တဲ့ မိုးခြိမ်းသံကြောင့် သူမမျက်လုံးတွေပွင့်သွားတယ်။

ဖွင့်ထားတဲ့ပြတင်းကနေ လေပါတဲ့မိုးက အရှိန်နဲ့ပက်



လာတယ်။ သူမဟာ ကိုက်ခဲနေတဲ့နားထင်ကို လက်နဲ့ထောက်ပြီး အိပ်ရာအောက်ဆင်းလိုက်တယ်။

"အာ ... မိုးတွေသည်းလှပါလား၊
ပါကေးတွေတော့ ရေစိုကုန်ပါပြီ ... ဒုက္ခပါပဲ"

သူမဟာ ပြတင်းတံခါးကို အလျင်အမြန်ပိတ်ပစ်လိုက်တယ်။ ဒီအချိန်မှာပဲ လျှပ်စစ်မီးက ဖျတ်ခနဲပြတ်သွားသလို...

'ကလင် ... ကလင် ... ကလင် ... ကလင်'

ဆိုတဲ့ နှိုးစက်မြည်သံ ကြားလိုက်ရတယ်။

"မီးပျက်ပါမှ နှိုးစက်က ထမြည်နေတယ်၊
ငါလည်း နှိုးစက်မပေးထားပါဘူး၊
မအိပ်ခင်တုန်းကများ မူးရူးပြီး ပေးမိတယ်ထင်တယ်"

သူမ ဓာတ်မီးဖွင့်ရင်း နှိုးစက်ကို ပိတ်လိုက်တယ်။

"ဟင် ... ဆယ့်နှစ်နာရီတောင် ထိုးပါပေါ့လား၊
ငါ တော်တော်လေး အိပ်ပျော်သွားတာပဲ၊
ဗိုက်လည်းဆာနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စံပယ်အောင်အောင်ဟာ အပေါ်ထပ်ရေခဲသေတ္တာဆီ လျှောက်သွားပြီး ပေါင်မုန့်နဲ့ဝိုင်ပုလင်းယူလိုက်တယ်။

မီးစက်နှိုးဖို့ စဉ်းစားမိပေမယ့် အောက်မဆင်းချင်တာကြောင့် မီးအိမ်နဲ့နေဖို့ ဆုံးဖြတ်လိုက်တယ်။

အခန်းထဲပြန်ဝင်ပြီး ပေါင်မုန့်နဲ့ဝိုင်ကို စားသောက်နေလိုက်တယ်။

BURMESE CLASSIC

"အဲ့ ... အဲ့ ... အဲ့ ... အဲ့ ..."

ကလေးငိုသံကြောင့် သူမ ခေါင်းထောင်ပြီး ကြည့်လိုက်တယ်။

မီးအိမ်အလင်းရောင်မှိန်မှိန်အောက် အိပ်ရာပေါ်က ဖြူဖြူအရိပ်ကို တွေ့လိုက်ရတယ်။

"ဟင် ...ငါ့အခန်းထဲ ဘယ်ကကလေးရောက်နေတာလဲ"

သူမ အနီးထုပ်လေးနဲ့ကလေးကိုကြည့်ပြီး မှင်တက်သွားတယ်။

"ဟား ... ဟား ... ဟား ... ဟား ...



အဲဒါ နင်သတ်ခိုင်းခဲ့တဲ့ ငါ့ကလေးပဲ၊

ဒီည ... ငါတို့သားအမိရဲ့အသက်တွေအတွက်

နင့်ကို လက်တုန့်ပြန်မယ်၊ နင် သေမယ့်အလှည့်ပဲ၊

ဟား ဟား ဟား ... ဟား ဟား ဟား"

မီးရောင်အောက် မြင်လိုက်ရတာက တစ်ကိုယ်လုံး သွေးခြင်းခြင်းနီနေတဲ့ မိုးမိုး။

သူမ ပြူးကျယ်တဲ့မျက်လုံးတွေနဲ့ကြည့်ရင်း ခေါင်းခါယမ်းလိုက်တယ်။

"မဟုတ်ဘူး ... နင်သေပြီ ... သေပြီ၊

ငါ ... ငါ ဝိုင်တွေသောက်ပြီး လျှောက်မြင်နေတာ"

လို့ ငြင်းဆန်လိုက်တယ်။

"ဟင်း ဟင်း ဟင်း ဟင်း ...

သေရမှာကြောက်ပြီး သွေးရူးသွေးတန်းပြောမနေနဲ့၊

နင့်ယောကျ်ား လူယုတ်မာကိုလည်း

ငါ အသက်နှုတ်ပြီးပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘဝကို လင်က ဖျက်ဆီးတယ်၊ မယားက

ငါ့ရင်သွေးကို ရှင်လျက် သေအောင်သတ်တယ်၊

ပြီးတော့ ... သွေးသွန်နေတဲ့ ငါ့ကို

ကယ်လို့ရပါလျက် ငါ့ငိုကြွေးသံကို၊

အမြည်းလုပ်ပြီး နင်က ဝိုင်တစ်ခွက်နဲ့

ကျေနပ်နေခဲ့တယ်၊ နင် သေရမယ် ... သေရမယ်၊

နင့်လိပ်ပြာကို ငါ အရယူမယ် ... ဟီး ဟီး ဟီး ဟီး"

အစိမ်းသရဲမက သူမရှိရာ တရွေ့ရွေ့ ရွေ့လျားလာတယ်။

"မဟုတ်ဘူး ... မဟုတ်ဘူး၊

မလာနဲ့ ... မကောင်းဆိုးဝါးကောင်မ ... မလာနဲ့"

ဒေါ်စံပယ်အောင်အောင်ဟာ သွေးရူးသွေးတန်းအော်ဟစ်ရင်း နောက်ကိုဆုတ်သွားတယ်။ ဒီအချိန်မှာပဲ ပြင်းထန်တဲ့လေနဲ့အတူ ပြတင်းတံခါးက ဆောင့်ပွင့်သွားတယ်။

သည်းထန်တဲ့မိုးစက်တွေက အိမ်ထဲလို့မ့်ဝင်လာသဖြင့်



သူမဟာ နောက်ဆုတ်ရင်း ပြတင်းပေါက်ဘောင်ကို တိုက်မိသွားတယ်။ အစိမ်းသရဲမက ကြောက်မက်ဖွယ်ရယ်သံကြီးနဲ့ သူမနားရောက်လာပြီ။

"နင် ... ငါ့လက်နဲ့ သေစေရမယ်၊

သေရမယ် ... သေရမယ်"

"မလုပ်နဲ့ ... ငါ့ကိုမထိနဲ့ ... မလာနဲ့ ... အ ... အစ်"

သူမတစ်ကိုယ်လုံး အစိမ်းသရဲမရဲ့ လည်ပင်းညှစ်မှုကြောင့် လေထဲမြောက်တက်သွားတယ်။

သူမ အားကုန်ရုန်းကန်ပေမယ့် တဖြည်းဖြည်း အသက်ရှူကျပ်လာတယ်။ ပြီးတော့ တစ်ကိုယ်လုံး လေဟာနယ်ထဲရောက်သလို ခံစားလိုက်ရပြီး "အား ..."ခနဲ အော်ဟစ်လိုက်မိတယ်။

အစိမ်းသရဲမ မိုးမိုးဟာ မွေးကင်းစကလေးငယ်ကို ရင်ခွင်ပိုက်ပြီး ပြတင်းပေါက်ကို ငုံ့ကြည့်လိုက်ရင်း ...

"ဟား ဟား ဟား ဟား ... အခုတော့

www.burmeseclassic.com



နင်လည်း ငါ့လိုပဲ သွေးအိုင်ထဲ

မချိမဆံ့ သေဆုံးရပြီပေါ့၊

ဟား ... ဟား ... ဟား ... ဟား ...”

လို့ အသံနက်ကြီးနဲ့ ရယ်မောလိုက်တော့တယ်။

ထိုအဖြစ်အပျက်များဖြစ်ပွားပြီး နှစ်တွေကြာတဲ့အချိန်ထိ ထိုအိမ်ကြီးဆီက မွေးကင်းစကလေးငယ်လေးရဲ့ ငိုရှိုက်သံကို လကွယ်ညရောက်တိုင်း ကြားနေရတော့တယ်။

BURMESE CLASSIC

❒ ❒ ❒

“မှင်စာငိုသံ”

မအိုစာ

(မအိုစာနှင့်ဆက်သွယ်လိုပါက maosar99@gmail.com)

www.burmeseclassic.com